မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်၊ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၃ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၃၂)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပ

မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုအသစ်တင်သွင်းခြင်း လွှတ်တော်ကော်မတီ အဖွဲ့ဝင်ဖြည့်တင်းခြင်းနှင့် ကော်မတီတိုးချဲ့ဖွဲ့စည်းခြင်းများ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၈၀) တို့ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ယနေ့လွှတ်တော်အစည်းအဝေး၌ မေးခွန်း (၃)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုအသစ် (၁)ခု တင်သွင်းခြင်း၊ လွှတ်တော်ကော်မတီ အဖွဲ့ဝင်ဖြည့်တင်းခြင်း၊ ကော်မတီတိုးချဲ့ဖွဲ့စည်းခြင်း၊ ကော်မတီအမည် ဖြည့်စွက်ပြင်ဆင်ခြင်း၊ ကော်မတီ (၁၉)ခုတွင်ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အမည်စာရင်း၊ အတွင်းရေးမှူး၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။
(သတင်းစဉ်)

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပ

မေးခွန်း (၈)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း ဥပဒေကြမ်းတစ်ခုကို အတည်ပြုခြင်းနှင့် အဆိုသစ်တစ်ခု တင်သွင်းခြင်းများ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၁၀)တို့ တက်ရောက်ကြသည်။

ပြန်လည်ဖြေကြား

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် (၂)ဦးတို့က ပြည်ထဲရေးဆိုင်ရာမေးခွန်းများကို မေးမြန်းကြရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ပြန်လည်ဖြေကြားသည်။

ရှေးဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစံထွန်း၏ **"လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုများ ပပျောက်ရေးအတွက် ဆောင်ရွက်နေမှုများကို လူထုမှ**

စာမျက်နှာ ၇ ကော်လံ ၁ ▲

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။
(သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် စက်တင်ဘာ ၃ ရက်)

သွေးတိုးရောဂါ ကြိုတင်သတိပြုကာကွယ်ပါ

ကျန်းမာသန်စွမ်းကြံ့ခိုင်ရန်အတွက် နေ့စဉ်စားသုံးသောအစားအစာသည် အရေးပါလျက်ရှိသည်။ အသက်အရွယ်မရွေး လူတိုင်းကျန်းမာအသက်ရှည်စွာ နေထိုင်နိုင်ရေးအတွက် နေထိုင်စားသောက်မှုကို သတိပြုကြရမည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်းဖြစ်ပွားမှုအများဆုံးရောဂါများတွင် လူသိများသောရောဂါတစ်မျိုးမှာ သွေးတိုးရောဂါဖြစ်သည်။ သွေးတိုးရောဂါသည် အချိန်အခါ၊ အရပ်ဒေသ၊ ဆင်းရဲချမ်းသာ လူတန်းစားမရွေးဖြစ်ပွားနိုင်ကာ နောက်ဆက်တွဲရောဂါများအဖြစ် လေဖြတ်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်းနှင့် နှလုံးသွေးကြောပိတ်ခြင်းစသည်တို့ဖြစ်ပွားနိုင်ပြီး အသက်အန္တရာယ်စိုးရိမ်ရသောရောဂါဖြစ်သည်။

ထို့ကြောင့် လူတိုင်းသည် ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများကို ရွေးချယ်စားသောက်ကြရမည်ဖြစ်သည်။ အဆီ၊ အငန်၊ အချိုတို့ကို လျှော့စားကြရမည်ဖြစ်သည်။ ဟင်းသီးဟင်းရွက်ကို ပိုမိုစားသုံးကြရမည်ဖြစ်သည်။ ကိုယ်လက်လှုပ်ရှားမှုများ ပုံမှန်ပြုလုပ်ကြရမည်ဖြစ်သည်။ သို့မှသာ သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ ဆီးချိုရောဂါများကို ကြိုတင်ကာကွယ်တားဆီးနိုင်မည်ဖြစ်သည်။

သွေးတိုးရောဂါဖြစ်ပွားရခြင်းတွင် အငန်ဓာတ်ပါသော အစားအစာများစားခြင်းသည် ရောဂါဖြစ်ပွားနိုင်သော အဓိကအကြောင်းအရင်းတစ်ခုဖြစ်သည်။ အဆီ၊ အငန်လျှော့စားခြင်း၊ အရက်သောက်ခြင်း၊ ဆေးလိပ်သောက်ခြင်းတို့ကို ရှောင်ကြဉ်ကြရမည်ဖြစ်သည်။ သွေးတိုးရောဂါကြောင့် မောပန်းခြင်း၊ ခေါင်းကိုက်ခြင်း၊ မျက်စိမှုန်ဝါးခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ဝေဒနာများခံစားရမည်ဖြစ်သည်။

သွေးတိုးရောဂါရှိသောသူသည် သွေးတိုးရောဂါရှိသည်ကို မသိရှိ၍၊ အစားအသောက် အနေအထိုင် မဆင်ခြင်မိ၍ ရုတ်တရက်အသက်အန္တရာယ်ဆုံးရှုံးနိုင်သည်။ ထို့ကြောင့် ဝေဒနာခံစားရသည့်အခါတွင် သွေးပေါင်ချိန်ကို တိုင်းတာသင့်ပေသည်။ သွေးပေါင်ချိန်စစ်ဆေးခြင်းဖြင့် ရောဂါကိုကြိုတင်တားဆီးကာကွယ်နိုင်သည်။ သွေးတိုးရောဂါရှိသောသူများသည်လည်း သွေးပေါင်ချိန်ကို အမြဲစစ်ဆေးပေးရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ လူတိုင်းအသက်ရှည်စွာ နေထိုင်နိုင်ရေးအတွက် နေ့စဉ်စားသောက်သော အစားအစာများကို သတိပြုဆင်ခြင်စားသုံးကြရမည်ဖြစ်ပြီး ကျန်းမာရေးအသိဖြင့် နေထိုင်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ကုန်သည်/စက်မှုအသင်းချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂

ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်းစီစဉ်သော ဟောပြောဆွေးနွေးပွဲကို စက်တင်ဘာ ၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောဆွေးနွေး

အဆိုပါဟောပြောဆွေးနွေးပွဲတွင် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မြတ်မြတ်စိုးက AEC 2015 အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်းကောင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန အကြီးစားစက်မှုစီမံကိန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်တင်ထူးက အာဆီယံစီးပွားရေးအသိုက်အဝန်း ဖြစ်တည်မှုနှင့် အသေးစား၊ အလတ်စားလုပ်ငန်းများ၏ကဏ္ဍကိုလည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးထိုက်က စားသုံးသူအကျိုး ကာကွယ်ရေးကိုလည်းကောင်း ဟောပြောဆွေးနွေးကြမည်ဖြစ်သည်။ ဟောပြောဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆိုတက်ရောက်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အခြေခံပညာအလယ်တန်းကျောင်းခွဲ သာစည်မြို့နယ်၌ဖွင့်

သာစည် စက်တင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် သဲကုန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၂ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ တာဝန်ရှိသူများက ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် သာစည်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းအေးက ပညာရေးနှင့်ပတ်သက်သော အချက်အလက်များနှင့် ကျောင်းများဖွင့်လှစ်ပေးရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးသန်းကြွယ်က ကျောင်းဖွင့်ပွဲအထိမ်းအမှတ်အလံများကို တာဝန်ရှိသူများထံသို့ ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြသီဒါ ပဲကြော်ပဲလှော်လုပ်ငန်းပိုင်ရှင် ဦးထွန်းခင်- ဒေါ်မြသိန်းနှင့် အလှူရှင်များက အလှူငွေများ၊ ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာကြီးက လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် သီပွံနည်းကျ စံပြစပါးစိုက်ခင်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ပိတောက်ခင်ကျေးရွာရှိ တောင်သူ ၂၆ ဦး၏ သီပွံနည်းကျ ပေါင်ပျိုးစနစ်ဖြင့် စံပြစိုက်ပျိုးထားသော ဆင်းသုခ ၄၂ ဧကနှင့်အထူးအထွက်တိုး ရှစ်ဧကတို့၏ အောင်မြင်ဖြစ်ထွန်းမှုများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများအား တွေ့ဆုံအားပေးသည်။

ယင်းနောက် ခပေါင်းရေလှောင်တမံမှ ရေများကို မိုးနှောင်း ကာလ၊ နွေစပါးစိုက်ပျိုးချိန်ကာလတို့တွင် လုံလောက်စွာပေးဝေနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရန် တာဝန်ရှိသူများအား မှာကြားသည်။

လှူဒါန်း

ထို့နောက် တောင်ငူမြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်း၌ ယာယီပြောင်းရွှေ့နေထိုင်ကြသော ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ အာလူးတို့ကို လှူဒါန်းသည်။

ထိုမှတစ်ဆင့် နည်းပညာတက္ကသိုလ် (တောင်ငူ)သို့ ရောက်ရှိပြီး ကျောင်းဆောင်ပြုပြင်မှုများကို ကြည့်ရှုစစ်ဆေးကာ ဆရာ ဆရာမများအား မိမိရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ရေး၊ လူမျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ် ထွန်းကားစေရေးတို့ကိုလည်း သင်ကြားပေးသွားရန် မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်ငူမြို့ အားကစားကွင်း၌ ကျင်းပသည့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား လေးခရိုင် အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ကြည့်ရှုအားပေးကာ ဒုတိယဆုရ ပြည်ခရိုင်အသင်းနှင့် ပထမဆုရ တောင်ငူခရိုင်အသင်းတို့အား ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ပညာသင်နှစ်အတွက် မိဘဆရာ အသင်းနှစ်ပတ်လည် အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၂၀ရက်က အဆိုပါကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ခင်နီက နှစ်နှစ်ဆက်တိုက်ခွင့်ရက်မယူ ကျောင်းတက်ရက်မှန်ဆုရရှိသောဆရာမဒေါ်မေနွဲ့အား ဆုချီးမြှင့်စဉ်။ (၀၃၂)

ညောင်လေးပင်မြို့ ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ညောင်လေးပင် စက်တင်ဘာ ၂

ညောင်လေးပင်မြို့ ကျောင်းသား ကျောင်းသူဟောင်းများ၏ မူ/ လယ်/ ထက်ဆင့် အသက် (၆၀)ပြည့်အငြိမ်းစား ဆရာ ဆရာမကြီးများအား ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၀ ရက် နံနက် ၈ နာရီတွင် အာဇာနည်လမ်းရှိ သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေထည့်ဝင်လိုသူများသည် ဦးအေးဝင်း ဖုန်း-၀၁-၃၉၄၅၁၂၊ ဦးစောမြင့် ဖုန်း-၀၉-၅၁၀၇၉၃၀၊ ကိုထွန်းနိုင်စိုး ဖုန်း-၀၉-၅၁၈၂၅၉၂ ရန်ကုန်မြို့နှင့် ဦးစိုးဝင်း ဖုန်း-၀၉-၅၃၈၅၂၈၂၊ ဦးအောင်မော် ဖုန်း-၀၅၂-၅၀၄၉၆၊ ဒေါ်ရီရီစံ ဖုန်း-၀၅၂- ၅၉၄ ၃၃၊ ဦးအန်းကူ ဖုန်း-၀၅၂-၅၀၃၂၄ ညောင်လေးပင်မြို့ တို့ထံသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မော်တော်ဆိုင်ကယ် စီးလျှင် လူနှစ်ဦးထက် ပိုမစီးရ

တောင်ဥက္ကလာပမြို့နယ် မြန်မာ့ရိုးရာပန်းပညာရှင်များ ပန်းချီပြပွဲခင်းကျင်းပြသ

ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် မြန်မာ့ရိုးရာပန်းပညာရှင်များ အစည်းအရုံး၏ (၉) ကြိမ်မြောက် Ninth Page ပန်းချီပြပွဲဖွင့်ပွဲကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက ဗိုလ်ချုပ်အောင်ဆန်းဈေးအရှေ့ဘက်တန်း အမှတ် (၁၈၇/၁၈၉) ရှိ မြန်မာ့ရိုးရာပန်းပညာရှင်များ အစည်းအရုံးပြခန်း၌ ကျင်းပသည်။

ပြသသွားမည်

အဆိုပါပန်းချီပြပွဲတွင် ပန်းချီပန်းပုပညာရှင် ၃၁ ဦးတို့၏ ရေဆေးကား ခုနစ်ကား၊ ဆီဆေးကား ၂၇ ကား၊ အခရိုင်းလစ် (Acrylic) ၅၉ ကား စုစုပေါင်း ၉၅ ကားနှင့် ပန်းပု ဖိုင်ဘာဂလပ်စ်ပုံ နှစ်ပုံပြသထားပြီး ပြပွဲကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားကာ စက်တင်ဘာ ၇ ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ငပုတောမြို့နယ်၌ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

ငပုတော စက်တင်ဘာ ၂

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့နည်းပပျောက်ရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် သဘာဝငါးမျိုးများတိုးပွားစေရေးတို့အတွက် ဩဂုတ် ၁၇ ရက်က ငပုတောမြို့နယ် လိပ်ချောင်းကျေးရွာအုပ်စု ပုသိမ်-ငပုတော ကားလမ်းဘေး တောင်သူဦးကျော်ဝင်း၏ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲကျင်းပသည်။

ငါးမျိုးစိုက်ထည့်

အခမ်းအနားတွင် ပုသိမ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးဦးထွန်းလွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ငပုတောမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှအောင်သိန်းနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တောင်သူများက ဦးကျော်ဝင်း အပါအဝင် လယ်သမား ၁၅ ဦး၏ စပါးခင်းဧက ၇၅ ဒသမ ၇၁ ဧကအတွင်းသို့ ငါးခုံးမကြီးကောင်ရေ ၃၈၀၀၀နှင့် တီလားပီးယားကောင်ရေ ၁၀၀၀၀ တို့ကို ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

မေးခွန်းများမေးမြန်းခြင်းကဏ္ဍတွင် ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၏ **အသက်(၆၀)ပြည့်သည့်အချိန်တွင် ကျန်းမာရေးကောင်းမွန်၍ စွမ်းဆောင်ရည်ရှိနေသေးပြီး စားဝတ်နေရေးအခြေအနေအရလည်း အလုပ်ဆက်လက်လုပ်ကိုင်ရန် ဆန္ဒရှိသူ ပုဂ္ဂိုလ်များအတွက် သီးခြားသက်ပြည့်ပင်စင်ခံစားရမည့် အသက်ကို တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက မြို့ပြဝန်ထမ်းစည်းမျဉ်း အပိုဒ်(၄၅၈)အရ ကန့်သတ်ထားသောအသက်ပြည့်သည့်အခါ၌ နည်းဥပဒေအရ အငြိမ်းစားယူခွင့်ရှိသောဝန်ထမ်းတစ်ဦးသည် သက်ပြည့်ပင်စင်ကို ခံစားခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ မြို့ပြဝန်ထမ်း စည်းမျဉ်းအပိုဒ်(၁၄)အရ ဝန်ထမ်းတစ်ဦးသည် သတ်မှတ်ထားသောအသက်ပြည့်သည့်နေ့ကို အလုပ်မှအနားယူရမည့်နေ့အဖြစ်ရေတွက်ပြီး ထိုနေ့ အပါအဝင်ဖြစ်သောနေ့မှစ၍ ယင်းဝန်ထမ်းအားအငြိမ်းစားယူစေရန်ဖြစ်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ သက်ပြည့်ပင်စင်ခံစားရမည့် အသက်ကို ၁၉၂၂ခုနှစ် မူလအခြေခံနည်းဥပဒေအပိုဒ် (၅၆) အရ (၅၅)နှစ်ဟု သတ်မှတ်ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရလက်ထက်တွင် ပြည်ထဲရေးဌာန၏ ၁၉၆၉ ခုနှစ် မတ်လ ၂၂ရက်စွဲပါစာအမှတ်၊ ၃၁၄/၆/ရေး(၁)ဖြင့် ၁၉၆၉ခုနှစ် မတ်လ ၁၁ ရက်မှစ၍နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူရမည့်အသက်(၅၅)နှစ်အား (၆၀)ဟု ပြင်ဆင်သတ်မှတ်ခဲ့ပြီး ယနေ့တိုင်လိုက်နာကျင့်သုံးလျက်ရှိကြောင်း၊ ကမ္ဘာ့နိုင်ငံများ၏ သက်ပြည့်ပင်စင် ခံစားရမည့်အသက်များကို လေ့လာဆန်းစစ်၍ ကောက်နုတ်တင်ပြရလျှင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံအချို့တို့တွင် (၅၅)နှစ်နှင့်(၆၀)နှစ်၊ ဥရောပနိုင်ငံအချို့တို့တွင် (၆၅)နှစ်ဖြစ်သည်ကို လေ့လာသိရှိရပါကြောင်း၊ ကမ္ဘာ့နိုင်ငံများ၏ သက်ပြည့်ပင်စင်ယူရမည့် အသက်သတ်မှတ်ချက်အား အကြမ်းဖျင်းလေ့လာသည့်အခါ နိုင်ငံအများစု၏သက်ပြည့်ပင်စင်ယူရမည့်အသက်သည် (၆၀)နှစ်ဖြစ်သည်ကိုလေ့လာတွေ့ရှိရပါကြောင်း။

သက်ပြည့်ပင်စင်

သက်ပြည့်ပင်စင်ခံစားရမည့်အသက်ကို ပြင်သစ်နိုင်ငံတွင် (၆၀)နှစ်မှ (၆၂)နှစ်သို့ တိုးမြှင့်ရန်ဆောင်ရွက်လျက်ရှိရာ ယင်းသို့ တိုးမြှင့်ခြင်းအပေါ် ဝန်ထမ်းများ၊ အလုပ်သမားများ၏ ရက်အတန်ကြာဆန္ဒပြမှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ပြင်သစ်နိုင်ငံ၏ သက်ပြည့်ပင်စင်ခံစားရမည့် အသက်တိုးမြှင့်ရခြင်းအကြောင်းရင်းမှာ ပင်စင်ရန်ပုံငွေမလုံလောက်မှု အခက်အခဲကိုဖြေရှင်းခြင်းဖြစ်သည်ကို လေ့လာသိရှိရပါကြောင်း၊ အိမ်နီးချင်းအိန္ဒိယနိုင်ငံ၌ သက်ပြည့်ပင်စင်ယူမည့်အသက်ကို (၆၅)နှစ်မှ (၆၀)နှစ်သို့ လျှော့ချရန် စီစဉ်လျက်ရှိပြီး ဝန်ထမ်းများနှင့် လူမှုဖူလုံရေးအဖွဲ့အစည်းများက ကြိုဆိုကြသည်ကို သိရှိရပါကြောင်း၊ သက်ပြည့်ပင်စင်ခံစားရမည့်အသက်ကို သတ်မှတ်ရာတွင် ထိုနိုင်ငံ၏ လူ့သက်တမ်းရှည်ကြာမှုကို အဓိကထည့်သွင်းစဉ်းစား၍ သတ်မှတ်လေ့ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏လူ့သက်တမ်းရှည်ကြာမှုကို လေ့လာရာတွင် မြို့ပြ၌ အမျိုးသားပျမ်းမျှ(၆၅ဒသမ၁)နှစ်၊ အမျိုးသမီးပျမ်းမျှ(၇၀ဒသမ၅)နှစ်ရှိပြီး ကျေးလက်တွင် အမျိုးသား(၆၃ဒသမ၉)နှစ်၊ အမျိုးသမီး(၆၇ဒသမ၄)နှစ် ရှိပါကြောင်း၊ ပျမ်းမျှအမျိုးသား(၆၄ဒသမ၅)နှစ်၊ အမျိုးသမီး(၆၉)နှစ်ရှိပြီး အမျိုးသား၊ အမျိုးသမီး ပျမ်းမျှ(၆၆ဒသမ၈)နှစ်ရှိသည်ကို ဗဟိုစာရင်းအင်းအဖွဲ့၏ အစီရင်ခံစာအရလေ့လာသိရှိရပါကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ အမျိုးသား/အမျိုးသမီး သက်တမ်းရှည်ကြာမှု ပျမ်းမျှ(၆၆)နှစ်နှင့် နှိုင်းယှဉ်ပါက လက်ရှိသက်ပြည့်ပင်စင် ခံစားရမည့်အသက်(၆၀)နှစ် သတ်မှတ်ထားခြင်းသည် ကျိုးကြောင်းဆီလျော်နေဆဲဖြစ်ပါသဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ သက်ပြည့်ပင်စင်ခံစားရမည့်အသက်ကို တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်၏ **အက်ဖ်တာခေါ် လွတ်လပ်သော ကုန်သွယ်မှုဒေသကို ၂၀၁၅ ခုနှစ်တွင် စတင်ကျင့်သုံးတော့မည်ဖြစ်သောကြောင့် နိုင်ငံတော်အနေဖြင့် မိမိတို့ထုတ်ကုန်များကိုကာကွယ်ရန် အထူးသဖြင့် စက်မှုလုပ်ငန်းများ၊ လယ်ယာထွက်ကုန်ပစ္စည်းများ ကာကွယ်ရန်အတွက် မည်သို့ဆောင်ရွက်ထားသည်ကိုသိရှိလိုကြောင်းနှင့် မိမိတို့ရရှိနိုင်မည့် အကျိုး၊ အပြစ်များနှင့်တကွ ခွဲခြားသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အာဆီယံသည် အက်ဖ်တာကို ထူထောင်ရန် ၁၉၉၂ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၅ခုနှစ်တွင် အာဆီယံစီးပွားရေး အသိုက်အဝန်း ၂၀၁၅(အေအီးစီ ၂၀၁၅) ကို စတင်ကျင့်သုံးတော့မည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အခြားအာဆီယံအဖွဲ့ဝင် နိုင်ငံများနည်းတူ မိမိတို့ထုတ်ကုန်များအတွက် ကာကွယ်ပေးမှုများ ဆောင်ရွက်ရန်လိုအပ်သဖြင့် ဌာနဆိုင်ရာများ၊ ဒေသအာဏာပိုင်များ၊ ကုန်သည် စက်မှုအသင်းအဖွဲ့များက ပညာပေး ဆွေးနွေးညှိနှိုင်းပြင်ဆင်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ကြပါကြောင်း၊ အခြားအာဆီယံနိုင်ငံများက တင်သွင်းလာမည့် ကုန်ပစ္စည်းများကို တားဆီး၍မရနိုင်တော့သည့်အတွက် မိမိနိုင်ငံအတွင်းမှ ကုန်ပစ္စည်းထုတ်လုပ်သူများအနေဖြင့် သွင်းကုန်ပစ္စည်းများကြောင့် ထိခိုက်မှုမရှိစေရေးကို စဉ်းစားဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ မိမိနိုင်ငံထုတ်ကုန်များကို ကာကွယ်ရန်အတွက် ယခင်အစိုးရလက်ထက်တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနတို့က ဦးဆောင်၍ မြန်မာ့စက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်ပြီး အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခဲ့ခြင်းသည် အခြားနိုင်ငံထုတ်ကုန်များကဲ့သို့ မိမိထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး၊ ကုန်ထုတ်စရိတ်လျှော့ချပြီး အရည်အသွေးတိုးတက်ကောင်းမွန်ရေး ဦးတည်ပညာပေး ရည်မှန်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍတွင်လည်း နိုင်ငံတကာနှင့်ဆက်သွယ်ဆောင်ရွက်ပြီး အရင်းအနှီးနှင့် နည်းပညာများချိတ်ဆက်ရရှိရေး ကြိုးပမ်းခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ရန်ကုန်စက်မှုဇုန်များမှ လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာများပူးပေါင်းပြီး အာဆီယံလွတ်လပ်သော ကုန်သွယ်မှုအတွက် ဆွေးနွေးပညာပေးမှု အကြိမ်ကြိမ်ပြုလုပ်ခဲ့သကဲ့သို့ စက်ရုံ၊ အလုပ်ရုံတစ်ခုချင်း ထိခိုက်နိုင်ဖွယ်များနှင့် ကာကွယ်ဆောင်ရွက်ရမည့်နည်းလမ်းများရှာဖွေရန် အသေးစိတ် ညှိနှိုင်းမှုကိုလည်း ဆောင်ရွက်ခဲ့ကြပါကြောင်း၊ ထို့ပြင် မြန်မာ့လယ်ယာထွက်ကုန်များ ထုတ်လုပ်မှုစရိတ်ကျဆင်းရေးနှင့် အရည်အသွေးမြှင့်တင်ရေးတို့ကို အားပေးပြီး ဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရှိရပါကြောင်း။

ပိုမိုအရေးပါ

နိုင်ငံတော်အနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး နိုင်ငံတော်၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းဆွေးနွေးပွဲတွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အသွင်ဖြင့် လွတ်လပ်သောကုန်သွယ်မှုဒေသအတွင်း မြန်မာထုတ်ကုန်များကို ကာကွယ်ရန်ဆွေးနွေးမှုများ ပါဝင်ပါကြောင်း၊ အရင်းအနှီး၊ နည်းပညာရရှိရေးအတွက် အစိုးရဌာနများ၊ အသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထုတ်လုပ်မှုစရိတ်၊ သယ်ယူပို့ဆောင်စရိတ်၊ ထုပ်ပိုးမှုနှင့်အရည်အသွေး၊ ဈေးကွက်ခိုင်မာစွာ ချိတ်ဆက်နိုင်မှု စသည့်လုပ်ငန်းစဉ်များကို နိုင်ငံတော်ကအထူးပြုကုမ္ပဏီများဖွဲ့စည်းချိတ်ဆက်ခြင်း၊ အသင်းအဖွဲ့၊ ကုန်စည်ဒိုင်များအလိုက် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် အခြားနိုင်ငံဈေးကွက်နှင့် ယှဉ်ပြိုင်နိုင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လွတ်လပ်သောကုန်သွယ်မှုဒေသဖြစ်ပေါ်ချိန်တွင် မိမိနိုင်ငံအတွက် အကျိုးရောအပြစ်ပါတွေ့ရမည်ဖြစ်ပါကြောင်း၊ မိမိအားနည်းချက်ရှိလျှင် ထိခိုက်မှုရှိမည်ဖြစ်သကဲ့သို့ မိမိအားသာအောင်ကြိုးစားလျှင် အကျိုးကျေးဇူးခံစားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကုန်သွယ်လုပ်ငန်းရှင်များ၏ စွမ်းဆောင်ရည်မြှင့်မားမှုအရေးပါသည်ကို တွေ့ရှိရပါကြောင်း၊ ပြည်ပမှဈေးပေါပေါ အရည်အသွေးညံ့ ပစ္စည်းများဝင်လာလျှင် မိမိနိုင်ငံ၏ထုတ်ကုန်လုပ်ငန်းများ ထိခိုက်မှုမရှိစေရန်အတွက် ကာကွယ်သော Safe Guard Mechanism စသည့်လုပ်ငန်းများဖြင့် ကြိုတင်ပြင်ဆင်ကာကွယ်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ သွင်းကုန်လိုင်စင်များအပေါ် စိစစ်သည့် Filter Group ဖြင့် စိစစ်ခြင်းများ ပြုလုပ်လျက်ရှိပါကြောင်း၊ သို့ရာတွင် အာဆီယံဒေသတွင်း၌ ၂၀၁၅ခုနှစ်မှစ၍ လွတ်လပ်စွာ ကုန်စည်စီးဆင်းမှု အခွင့်အရေးပေးရတော့မည်ဖြစ်သကဲ့သို့ မကြာမီကကျင်းပခဲ့သော စီးပွားရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးချက်များအရ နောင်အခါ လိုင်စင်စိစစ်မှုစနစ်များ ဖြေလျှော့ပေးတော့မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူလူထု၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများကို အစိုးရကအရာရာတွင် စိစစ်ကာကွယ်ပေးရန်ထက် ကုန်သွယ်လုပ်ငန်းရှင်များက မိမိတို့အကျိုးအမြတ်တစ်ခုတည်းမကြည့်ဘဲ အများပြည်သူ အကျိုးစီးပွား၊ အမျိုးသားအကျိုးစီးပွားကိုရှေးရှုပြီး အသင်းအဖွဲ့များက ဦးဆောင်၍ စီးပွားရေးကျင့်ဝတ်များနှင့် တာဝန်သိစိတ်ဓာတ်တို့ဖြင့် ညီညီညွတ်ညွတ်ဝိုင်းဝန်း ကာကွယ်ထိန်းသိမ်းသွားရန် ပိုမိုအရေးပါလာသည်ကို တွေ့ရပါကြောင်း။

ပြည်တွင်း၌လည်း တိုင်းရင်းသားလုပ်ငန်းရှင်များ ပိုမိုရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မှသာလျှင် ကြိုတင်ပြင်ဆင်ခုခံကာကွယ်သွားနိုင်မည်ဖြစ်ပါကြောင်း၊ အချို့ရင်းနှီးမြှုပ်နှံမှုများကို ပြန်လည်စိစစ်သည့်အခါ နိုင်ငံခြားသားက နိုင်ငံသားအမည်ခံ၍ ရင်းနှီးမြှုပ်နှံမှုများ၊ ရင်းနှီးမြှုပ်နှံမှုပမာဏ မမှန်မကန်ဖော်ပြမှုများကြောင့် အမျိုးသားအကျိုးစီးပွား မထိခိုက်စေရန် စိစစ်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ရပါကြောင်း၊ ထိုသို့စိစစ်ဆောင်ရွက်ခြင်းသည် အချို့သောပြည်တွင်းလုပ်ငန်းရှင်များယူဆသကဲ့သို့ နှောင့်နှေးအောင်ပြုလုပ်ခြင်း မဟုတ်ဘဲ အမျိုးသား အကျိုးစီးပွားအတွက် စိစစ်ဆောင်ရွက်ရခြင်းဖြစ်သည်ကို သိရှိရန်လိုအပ်ပါကြောင်း၊ ၎င်းတို့နှင့်အကျိုးတူဖက်စပ် ပူးပေါင်းဆောင်ရွက်သော နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူ၏ မမှန်မကန် ဆောင်ရွက်မှုများကို မိမိတို့ကပါ လိုက်ပါဆောင်ရွက်ခြင်းမပြုဘဲ တာဝန်သိစိတ်ဓာတ်ဖြင့် အမျိုးသားအကျိုးစီးပွားရှေးရှု ကြိုးပမ်းလုပ်ဆောင်သွားရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ခုနှစ်တွင် အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသ ပေါ်ပေါက်လာသည့်အခါ မိမိနိုင်ငံ၏ စက်မှုထုတ်ကုန်၊ လယ်ယာထုတ်ကုန်များ ထိခိုက်မှုမရှိစေရန်အတွက် ထုတ်လုပ်မှုစရိတ်လျှော့ချခြင်း၊ ထုတ်ကုန်အရည်အသွေးမြှင့်တင်ခြင်း၊ အခွန်အခနှုန်းထားများ ပြန်လည်သုံးသပ်လျှော့ချခြင်း၊ မလိုလားအပ်သည့် Transactional Cost များ လျှော့ချခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် မိမိထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဤသို့ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိက အသင်းအဖွဲ့များ၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းလက်တွဲဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း၏ **သီးနှံကုန်စည်စီးဆင်းမှုများ မြန်ဆန်သွက်လက်စေရေးအတွက် သိုလှောင်ရုံအတွင်းရှိ သီးနှံများအား အာမခံအဖြစ်ထားရှိပြီး ချေးငွေများရရှိရေး စီစဉ်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက တောင်သူလယ်သမားများနှင့် ကုန်သွယ်မှုလုပ်ငန်းရှင်များပါ များစွာအကျိုးရှိစေမည်ဖြစ်သဖြင့် သီးနှံအာမခံဖြင့် ချေးငွေရရှိအောင် စီမံဆောင်ရွက်ရေးနှင့်ဆောင်ရွက်မည့်အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က နိုင်ငံတော်အစိုးရအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများအတွက် လိုအပ်မည့်ငွေကြေးကို ဖြည့်ဆည်းပေးနိုင်ရန်နှင့်ကောက်ပဲသီးနှံများအား ပြည်ပသို့တင်ပို့နေသောလုပ်ငန်းရှင်များအနေဖြင့် ငွေကြေးလည်ပတ်သုံးစွဲနိုင်ရန် ရည်ရွယ်၍ ပြည်ပသို့ကောက်ပဲသီးနှံတင်ပို့နေသော လုပ်ငန်းရှင်များအား ကောက်ပဲသီးနှံများ လက်ရောက်အပေါင်(Pledge)ရယူ၍ ဘဏ်များမှချေးငွေများအား သတ်မှတ်ချက်များနှင့်အညီထုတ်ချေးရန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ၂၀၁၀ပြည့်နှစ် ဩဂုတ် ၃၁ ရက်ပါ စာအမှတ်၊ ဘခ-၁/၂၇၄ (၂၃၁၇/၂၀၁၀)ဖြင့် ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အဆိုတင်သွင်းခြင်းကဏ္ဍတွင် ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက်၏ **တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းတို့တွင် လက်ရှိကျင့်သုံးနေသော သင်ကြားကျက်မှတ်ဖြေဆိုသည့် ရှေးရိုးစဉ်လာ ပညာရေးစနစ်အစား ထို့ထက်ပို၍ ခေတ်မီသောပညာရေးစနစ်တစ်ခုကို ဖော်ဆောင်သင့်ကြောင်း** အဆိုကို တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပြီး ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရှိရသည်။

လွှတ်တော်ကော်မတီအဖွဲ့ဝင်များ ဖြည့်တင်းခြင်းကဏ္ဍ၌ လက်ရှိပြည်သူ့ငွေစာရင်းကော်မတီမှ အဖွဲ့ဝင် ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်းအား ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့်အား ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင်အဖြစ် လည်းကောင်း၊ လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကိုကိုးကျွန်း မဲဆန္ဒနယ်မှ ဦးအေးဖေနှင့် ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်တို့အား တိုးချဲ့ကော်မတီတစ်ခုသို့ လည်းကောင်း၊ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးအောင်ဆန်း၊ အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေးနှင့် တပ်မတော်သားကိုယ်စားလှယ် ကြည်း၂၇၂၇၁ ဗိုလ်မှူးစိုးသိန်းထွဋ်တို့အား လွှတ်တော် အခွင့်အရေးကော်မတီဝင်များအဖြစ် လည်းကောင်း ပြောင်းလဲတာဝန်ပေးအပ်မည်ဖြစ်သည်။

ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ အခြားရေးရာကိစ္စများကို လေ့လာတင်ပြစေရန်အတွက် တိုးချဲ့ဖွဲ့စည်းခဲ့သည့် ကော်မတီ(၁၈)ခုအပြင် ထပ်မံလိုအပ်သည့် “**ရေကြောင်းပို့ဆောင်ရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ**” ကို ဥက္ကဋ္ဌအဖြစ် ထားဝယ်မဲဆန္ဒနယ်မှဦးကြည်မင်းဖြင့် တာဝန်ပေးအပ်တိုးချဲ့ဖွဲ့စည်းမည်ဖြစ်သည်။

ဩဂုတ် ၂၂ ရက်က ဖွဲ့စည်းခဲ့သည့် “**ယဉ်ကျေးမှုနှင့်ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ**” အမည်ကို “**အားကစား၊ ယဉ်ကျေးမှုနှင့်ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ**” အဖြစ် ဖြည့်စွက်ပြင်ဆင် ဖွဲ့စည်းမည်ဖြစ်သည်။

မူလလွှတ်တော်ကော်မတီအဖွဲ့ဝင်များ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ရေကြောင်းပို့ဆောင်ရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီတိုးချဲ့ဖွဲ့စည်းခြင်းနှင့် ကော်မတီအမည်ဖြည့်စွက်ပြင်ဆင်ခြင်းတို့ကို လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုသည်။

ဩဂုတ် ၂၂ ရက်ကကျင်းပခဲ့သော ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးပထမနေ့၌ ကော်မတီ (၁၈)ခုနှင့် ကော်မရှင်(၁)ခုတို့ကို တိုးချဲ့ဖွဲ့စည်းခဲ့ပြီး ဥက္ကဋ္ဌများအား တာဝန်ပေးအပ်ပြီးဖြစ်သည်။

ယင်းကော်မတီ(၁၈)ခုနှင့် ယနေ့ထပ်မံတိုးချဲ့ဖွဲ့စည်းသည့် ကော်မတီ(၁)ခုအပါအဝင် စုစုပေါင်းကော်မတီ(၁၉)ခု ဖွဲ့စည်းနိုင်ရန်အတွက် ပါဝင်သင့်သည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီအတွင်းရေးမှူးတို့၏ အမည်စာရင်း၊ ကော်မတီများ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီကို ဥက္ကဋ္ဌအဖြစ် ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦးဖြင့်လည်းကောင်း၊ **တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ**ကို ဥက္ကဋ္ဌအဖြစ် မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော်ဖြင့်လည်းကောင်း၊ **ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**ကို ဥက္ကဋ္ဌအဖြစ် တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်းဖြင့်လည်းကောင်း၊ **စီမံကိန်းများနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ**ကို ဥက္ကဋ္ဌအဖြစ် တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာဖြင့်လည်းကောင်း၊ **တောင်သူလယ်သမား၊ အလုပ်သမားနှင့်လူငယ်ရေးရာကော်မတီ**ကို ဥက္ကဋ္ဌအဖြစ် ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ်ဖြင့်လည်းကောင်း၊ **နိုင်ငံတကာဆက်ဆံရေးကော်မတီ**ကို ဥက္ကဋ္ဌအဖြစ် ပျဉ်းမနား မဲဆန္ဒနယ်မှ ဦးလှမြင့်ဦးဖြင့်လည်းကောင်း၊ **စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**ကို ဥက္ကဋ္ဌအဖြစ် ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိမ်းဖြင့်လည်းကောင်း၊ **ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ**ကို ဥက္ကဋ္ဌအဖြစ် အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေဖြင့်လည်းကောင်း၊ **အားကစား၊ ယဉ်ကျေးမှုနှင့်ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီ**ကို ဥက္ကဋ္ဌအဖြစ် ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့်ဖြင့်လည်းကောင်း၊ **စိုက်ပျိုးရေးနှင့်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီ**ကို ဥက္ကဋ္ဌအဖြစ် ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင်ဖြင့် လည်းကောင်း။

ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဦး မေးမြန်းစဉ်။ (သတင်းစဉ်)

ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့်ဖြင့်လည်းကောင်း၊ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ**ကို ဥက္ကဋ္ဌအဖြစ် ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီဖြင့်လည်းကောင်း၊ **ကျန်းမာရေးမြှင့်တင်မှုကော်မတီ**ကို ဥက္ကဋ္ဌအဖြစ် ချမ်းအေးသာဇံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့်ဖြင့်လည်းကောင်း၊ **ပညာရေးမြှင့်တင်မှုကော်မတီ**ကို ဥက္ကဋ္ဌအဖြစ် ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာချမ်းငြိမ်းဖြင့်လည်းကောင်း၊ **တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီ**ကို ဥက္ကဋ္ဌအဖြစ် ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုဖြင့်လည်းကောင်း၊ **ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီ**ကို ဥက္ကဋ္ဌအဖြစ် တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦးဖြင့်လည်းကောင်း၊ **အမျိုးသမီးများနှင့် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးကော်မတီ**ကို ဥက္ကဋ္ဌအဖြစ် နမ့်ဆန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဆွေဖြင့်လည်းကောင်း၊ **ပြုပြင်ပြောင်းလဲရေးနှင့်ခေတ်မီဖွံ့ဖြိုးတိုးတက်မှု စိစစ်ရေးကော်မတီ**ကို ဥက္ကဋ္ဌအဖြစ် တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်းဖြင့်လည်းကောင်း၊ **ရေကြောင်းပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ**ကို ဥက္ကဋ္ဌအဖြစ် ထားဝယ်မဲဆန္ဒနယ်မှ ဦးကြည်မင်းဖြင့်လည်းကောင်း တာဝန်ပေးအပ်ပြီး ကော်မတီတစ်ခုချင်းတွင် အဖွဲ့ဝင်(၁၅)ဦးစီဖြင့် ဖွဲ့စည်းလိုက်ကြောင်း သိရှိရသည်။

လွှတ်တော်သည် လွှတ်တော်ကော်မတီများက လေ့လာသော အကြောင်းကိစ္စများမှအပ ကျန်ရှိသော အကြောင်းအရာများကိုလေ့လာရန် လိုအပ်သည့် ကော်မရှင်နှင့်အဖွဲ့များကို လွှတ်တော်အစည်းအဝေးတစ်ရပ်နှင့် တစ်ရပ်အကြားကာလတွင် ဖွဲ့စည်းဆောင်ရွက်ရန်လိုအပ်ပါက လွှတ်တော်ဥက္ကဋ္ဌသည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၉နှင့် နည်းဥပဒေ ၈၁၊ ၈၂ တို့နှင့်အညီ ဖွဲ့စည်းပြီး အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်နိုင်ကြောင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကသဘောတူအတည်ပြုသည်။

ယနေ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးဒသမနေ့ကို မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်ရှိ စံပြစိုက်ခင်းများကို လှည့်လည်ကြည့်ရှုလေ့လာ

ကြည့်ရှုလေ့လာ

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်လျက်ရှိသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဇေယျာသီရိမြို့နယ် သပြေပင်ကျေးရွာရှိ တစ်ဧက တန် ၆၀ မျိုးသန့် မျိုးပွား ၅ ဧက ကြံစိုက်ခင်း စိုက်ပျိုးထားရှိမှုကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်လျက်ရှိသော ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စံပြစိုက်ခင်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ကြည့်ရှုလေ့လာ

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာရှိ ခေတ်မီစံပြ စိုက်ပျိုးရေးဇုန်သို့ရောက်ရှိကြပြီး သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးထားသော တောင်သူပညာပေး ဧက ၂၀ စပါးစိုက်ခင်း၌ အထူးအထွက်တိုးစပါး စိုက်ပျိုးထားရှိမှု၊ ခေတ်မီစက်ကိရိယာဖြင့် ရိတ်သိမ်းခြွေလှေ့နေမှု၊ မော်ဘီ ကောက်ညှင်းမွှေးစိုက်ခင်းနှင့် နေပြည်တော် ဆန်မွှေးစပါးစိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ရှင်းလင်းပြောကြား

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက သိပ္ပံနည်းကျ ခေတ်မီစံပြလယ်ယာဖော်ထုတ်စိုက်ပျိုးနေမှု၊ စိုက်ခင်းအလိုက် စိုက်ပျိုးအောင်မြင်နေမှုနှင့် တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားကြသည်။

လက်တွေ့ပြသ

ထို့မှတစ်ဆင့် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာရှိ ဘိုနီကြီးစိုက်ကွင်း၌ စနစ်တကျ လယ်မြေဖော်ထုတ်၍ စက်ကိရိယာများဖြင့် ထွန်ယက်နေမှုနှင့် ဇေယျာသီရိမြို့နယ် သပြေပင်ကျေးရွာရှိ တစ်ဧက တန် ၆၀ မျိုးသန့် မျိုးပွား ၅ ဧက ကြံစိုက်ခင်း စိုက်ပျိုးထားရှိမှုတို့ကို သွားရောက်လေ့လာကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အထွက်နှုန်းကောင်း ကြံစိုက်ပျိုးရာတွင် စနစ်တကျဆောင်ရွက်ရမည့် နည်းစနစ်များကို ရှင်းလင်းပြောကြားပြီး နေပြည်တော်တွင် စပါး၊ ကြံနှင့် နေကြာအထွက်နှုန်းတိုးရေးအတွက် တောင်သူပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း၊ အရင်းအနှီးနှင့် စိုက်နည်းပညာ အားနည်းသည့် တောင်သူများအား ခေတ်မီစိုက်နည်းစနစ်များဖြင့် စနစ်တကျစိုက်ပျိုးတတ်စေရန် လက်တွေ့ပြသပေးလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တောင်သူများအားလည်း အထွက်တိုး စိုက်နည်းစနစ်များကို ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်းပြောကြားသည်။

မျိုးစေ့ဘဏ်

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် ညနေပိုင်းတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ စပ်မျိုးစပါး ဧက ၁၀၀ မျိုးစေ့ထုတ်လုပ်ခြင်း သုတေသနစိုက်ခင်းနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနရှိ မျိုးစေ့ဘဏ်တို့ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်လျက်ရှိသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာရှိ ဘိုနီကြီးစိုက်ကွင်း၌ စနစ်တကျ လယ်မြေဖော်ထုတ်၍ စက်ကိရိယာများဖြင့် ထွန်ယက်နေမှုကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ဝန်ထမ်းများ အသိပညာ၊ ဗဟုသုတ တိုးတက်မြင့်မားလာစေရန် ပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပပေးခဲ့

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း ပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (၂/၂၀၁၁)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် နိုင်ငံတော်၏ တိုးတက်လိုအပ်လျက်ရှိသည့် လျှပ်စစ်စွမ်းအင်များ ပြည့်မီစွာ ဖြည့်တင်းပေးနိုင်ရန် နိုင်ငံအတွင်းရှိ ရေအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချ၍ ရေအားလျှပ်စစ်စီမံကိန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်လျက်ရှိသည့် ရေအားအရင်းအမြစ်များကို စူးစမ်းရှာဖွေသည့် လုပ်ငန်းမှ အစပြု၍ လက်တွေ့အကောင်အထည်ဖော်တည်ဆောက်နိုင်ရေးအတွက် စူးစမ်းလေ့လာ အစီရင်ခံစာများပြုစုခြင်း၊ တည်းဖြတ်ခြင်း၊ အကြံပေးခြင်း၊ ဒီဇိုင်းပုံထုတ်ခြင်းများကို အစပြု၍ စီမံကိန်းများ အကောင်အထည်ဖော် တည်ဆောက်ရသကဲ့သို့ တည်ဆောက်ပြီး ရေအားလျှပ်စစ်စက်ရုံများမှ စွမ်းအားပြည့် လည်ပတ်မောင်းနှင်နိုင်ရေးအတွက်ကိုလည်း တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု အခန်းကဏ္ဍသည် မရှိမဖြစ်လိုအပ်လာရာ ပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (၂/၂၀၁၁)ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

ထည့်သွင်းပြောကြား

အလုပ်ရုံဆွေးနွေးပွဲတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက ဝန်ထမ်းများအား နည်းပညာပိုင်းဆိုင်ရာများနှင့် လုပ်ငန်းခွင်ဗဟုသုတပိုင်းဆိုင်ရာများ အသိအမြင်ကြွယ်ဝလာစေရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး ပြည်တွင်း/ပြည်ပ ရက်တို/ရက်ရှည်သင်တန်းများ၊ Workshop/ Seminar များသို့ တက်ရောက်ခွင့်ရရှိသည့် အရာထမ်း/အမှုထမ်းများက လေ့လာဆည်းပူးသင်ယူခဲ့ရသည့် ပညာရပ်များကို ကျန်ဝန်ထမ်းများအား ပြန်လည်၍ အသိပညာပိုင်းဆိုင်ရာ၊ ဗဟုသုတပိုင်းဆိုင်ရာများကို ဖြန့်ဝေတိုးတက်ပြန့်ပွားစေရန် ပညာရပ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပပြုလုပ်ပေးရခြင်းဖြစ်ကြောင်း၊ ထိုသို့ နည်းပညာပိုင်းဆိုင်ရာ ဗဟုသုတများ၊ ပြည်တွင်း/ပြည်ပ အတွေ့အကြုံများကို ဆွေးနွေးညှိနှိုင်း ဖလှယ်ခြင်းအားဖြင့် သင်တန်းတက်ရောက်ခဲ့သည့် ဝန်ထမ်းများနည်းတူ အခြားဝန်ထမ်းများလည်း အသိပညာ၊ အတတ်ပညာများ တိုးတက်မြင့်မားလာစေမည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ကြောင်း အမှာစကား၌ ထည့်သွင်းပြောကြားသည်။

မေးမြန်းဆွေးနွေး

ထို့နောက် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနမှ ဒေါ်စုခင်လေးဦး (လက်ထောက်ညွှန်ကြားရေးမှူး၊စီမံ) က "ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် နိုင်ငံ့ဝန်ထမ်းများ" စာတမ်း၊ ဒေါ်လှဲ့ဝင်းခိုင် (ဦးစီးအရာရှိ၊ မြို့ပြ)က "Asset Management of Hydropower Infrastructures: A Case Study of Yeywa Hydro-power Project in Myanmar" စာတမ်း၊ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနမှ ဦးဝင်းကို(ဒုတိယညွှန်ကြားရေးမှူး၊ စီမံ)က "တွဲလက်ညီညီ စီမံမည်" စာတမ်း၊ ဒေါက်တာအောင်ဖြိုး (ဦးစီးအရာရှိ)က "ဆီးချိုရောဂါဆိုင်ရာ" စာတမ်း၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ ဦးဆန်းဦး(ဦးစီးအရာရှိ၊ စီမံ)က "စီမံခန့်ခွဲမှု"စာတမ်း၊ ဦးဇော်မျိုးလွင် (အင်ဂျင်နီယာမှူး၊ လျှပ်စစ်)က " Electricity Sector in India" စာတမ်းများဖြင့် ဆွေးနွေးတင်ပြကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဦးအုန်းလွင်ပါ (၁၆) ဦးတို့က လျှောက်ထားသည့် ညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးပါတီ (Party for Unity and Peace) တည်ထောင်ခွင့်လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်းတွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၁ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျုံပျော်မြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် စည်းဝေးမည်

ရန်ကုန် စက်တင်ဘာ ၂

ကျုံပျော်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၆)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို စက်တင်ဘာ ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနှင့် ဓမ္မစေတီလမ်းထောင့်ရှိ သီရိမင်္ဂလာ ရတနာဗိမာန်စာသင်တိုက် (ဆွမ်းစားဆောင်)၌ ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ မြို့နယ်သားများ၊ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်တန်းဂုဏ်ထူးအောင်ဆုယူမည့်သူများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

ပူဇော်ကန်တော့မည့် အသက် (၇၅)နှစ်နှင့်အထက် သက်ကြီးအသင်းဝင်များနှင့် ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်သားသမီးများ၏စာရင်းကို အမှတ်စာရင်းမိတ္တူ အထောက်အထားများဖြင့် ဦးမြညွန့် ဖုန်း-၀၉-၈၀၂၄၀၂၈၊ ဦးသန်းစိုး ဖုန်း-၀၄၆-၅၆၄၁၁၊ ၀၉-၅၁၃၂၂၆၉၊ ဗိုလ်ကြီးစိန်သန်း(ငြိမ်း) ဖုန်း-၀၉-၅၅၀၁၀၇၀၊ ဦးပြုံးချို ဖုန်း-၀၉-၇၃၀၅၉၁၆၄၊ ဒေါ်ခင်အေးသန်း ဖုန်း-၀၉-၈၆၁၆၈၂၀ တို့ထံသို့ပေးပို့ကြရန်နှင့် နှစ်ပတ်လည်အစည်းအဝေးသို့ ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ အသင်းဝင်များ၊ အသင်းမဝင်ရသေးသူများ၊ မြို့နယ်သူ မြို့နယ်သားမိသားစုများနှင့်အတူတက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်ပိုင်တစ်နိုင် မိသားစုထုတ်ကုန်လုပ်ငန်းများ တိုးချဲ့လုပ်ကိုင် နည်းပညာများ၊ ဈေးကွက်ရရှိရေး ပံ့ပိုးကူညီဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ယမန်နေ့နံနက် ၈ နာရီတွင် မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက်ခန်းမ၌ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံ၍ တစ်ပိုင်တစ်နိုင် မိသားစုထုတ်ကုန်လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် သမဝါယမဝန်ကြီးဌာနအနေဖြင့် ကျေးရွာ၊ ရပ်ကွက် သမဝါယမအသင်းများဖွဲ့စည်းပြီး အရင်းမပျောက် မတည်ငွေနှင့် လိုအပ်သည့် နည်းပညာများ၊ ဈေးကွက်ရရှိရေးကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သမဝါယမအသင်းသားအဖြစ် ပါဝင်ဆောင်ရွက်ရာတွင် လိုအပ်သည့် နိုင်ငံသားမှတ်ပုံတင်ကတ်များကို ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနက ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။ (ဝဲပုံ)

ယင်းနောက် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာခင်မောင်ထွန်း၊ နိုင်ငံတော်သမ္မတ၏ အကြံပေးပုဂ္ဂိုလ် ဒေါက်တာဦးစိန်လှဗိုလ်နှင့် သမဝါယမဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကျေးလက်သမဝါယမအသင်းများနှင့် ငွေစုငွေချေးသမဝါယမအသင်းများ ဖွဲ့စည်းရေးနှင့်စပ်လျဉ်းသည့် ငွေကြေးအကူအညီပံ့ပိုးပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးပြောကြားကြပြီး တက်ရောက်လာကြသူများက အသင်းအဖွဲ့များ ဖွဲ့စည်းလုပ်ကိုင်နိုင်ရန် သိရှိလိုသည်များနှင့် အခက်အခဲများကို မေးမြန်းဆွေးနွေး တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေး ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားမြို့နယ် မော်ဖောင်းကျေးရွာခန်းမ၌ အနီးပတ်ဝန်းကျင် ကျေးရွာအုပ်စုမှ ဒေသခံတောင်သူလယ်သမားများ၊ လက်လုပ်လက်စားများ၊ ဈေးသမဝါယမအသင်းသားများ၊ ကျေးရွာရပ်မိရပ်ဖများနှင့် ဘာသာရေးအသင်းများမှ တိုင်းရင်းသားပြည်သူအင်အား ၆၀၀ ခန့်နှင့် တွေ့ဆုံရာ အဖွဲ့ဝင်များက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက သမဝါယမလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ဆောင်ရွက်ရေး၊ ကျစ်လျစ်ခိုင်မာသည့် သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်သွားကြရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အသင်းဝင်များသာမက ဒေသအကျိုး၊ ရပ်ရွာအကျိုးသယ်ပိုးဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် ကျေးရွာတစ်ရွာ ထွက်ကုန်တစ်ခုအထိ တိုးချဲ့လုပ်ကိုင်ဆောင်ရွက်သွားသင့်သည်များကို ဆွေးနွေးပြောကြားကြသည်။

စည်းရုံးဖွဲ့စည်း

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားမြို့နယ် နည်းပညာတက္ကသိုလ် (မြစ်ကြီးနား)ရှိ ဆရာဆရာမများအား တွေ့ဆုံ၍ GEC (ပညာရေး) သမဝါယမအသင်း ဖွဲ့စည်းနိုင်ရေးနှင့် တက္ကသိုလ်ကျောင်းသားကျောင်းသူများအတွက် တက္ကသိုလ်အခြေခံ စားသုံးကုန်ပစ္စည်းသမဝါယမအသင်း (University Consumer Co-operative) ယူနီဗာစီတီကွန်ကိုးများပေါ်ထွန်းဖွံ့စည်းလာစေရေးအတွက် စည်းရုံးဖွဲ့စည်းဆောင်ရွက်ပေးသည်။

ယင်းနောက် သီရိ ဘက်စုံစိုက်ပျိုးမွေးမြူရေးကုမ္ပဏီလီမိတက်က တာဝန်ယူဆောင်ရွက်နေသော သီရိဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသို့သွားရောက်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်း(၈)ရပ်တွင် ပါဝင်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကို အစုအဖွဲ့များအနေဖြင့် သမဝါယမနည်းလမ်းစနစ်များအသုံးပြု၍ သစ်တော ထိန်းသိမ်းထူထောင်ခြင်းကို တစ်တပ်တစ်အား ကူညီအထောက်အပံ့ပေး ဆောင်ရွက်သွားရန် မှာကြားကာ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာန လုပ်ငန်းစွမ်းဆောင်ရည် ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုခြင်းအခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၂

စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းစွမ်းဆောင်ရည်ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးဦးသန်းဌေး တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ပြောကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးဦးစိုးအောင်တို့က ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုဆုနှင့် ဆုငွေများကို ပေးအပ်ကြပြီး**(ယာပုံ)** ဂုဏ်ပြုဆုရရှိသူများ ကိုယ်စား မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ညွှန်ကြားရေးမှူး (ကုန်ထုတ်) ဒေါ်ကျော့ ကျော့ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဂုဏ်ပြုချီးမြှင့်

ဂုဏ်ပြုချီးမြှင့်ခြင်းခံရသောဝန်ထမ်းများသည် ဝန်ကြီးဌာန၏ တာဝန်ပေးအပ်ချက်အရ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းရှိ ရေနံချက်စက်ရုံများ၏ ချက်လုပ်မှု နည်းစဉ်များကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး ကုန်ချောထုတ်လုပ်မှု ရာခိုင်နှုန်းများ တိုးမြှင့်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ စက်ရုံများ၏ ချက်လုပ်စဉ် ဆုံးရှုံးလေလွင့်မှုများ လျော့နည်းသက်သာအောင် နည်းပညာပိုင်းဆိုင်ရာ ပြုပြင်မှုများ ဆောင်ရွက်ပေးခဲ့ကြသဖြင့် ဝန်ကြီးဌာနက ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ၏ (၇/၂၀၁၁)ကြိမ်မြောက် အစည်းအဝေးကို စက်တင်ဘာ ၁ ရက် နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ကျင်းပရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတက်ရောက်၍ အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ဟိုတယ်လုပ်ငန်းလိုင်စင် တင်ပြလျှောက်ထားခြင်း၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင် တင်ပြလျှောက်ထားခြင်းနှင့် ဝန်ထမ်းများ ပုဗ္ဗသီရိမြို့သစ်တွင် ခြံမြေကွက်လျှောက်ထားရေးအတွက် အမည်စာရင်းအတည်ပြုရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်အတည်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကောင်းသစ်ဆေးရုံ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၂

ပုဂ္ဂလိက ဆေးရုံတစ်ရုံဖြစ်သည့် ကောင်းသစ်ဆေးရုံဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် သပြေကုန်းဈေးအနီး ဇီဝကဆိုင်ခန်း ၉(၁၆)၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့က ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကာ **(အောက်ပုံ)**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ဆေးရုံသစ်ကြီးအတွင်းရှိ လူနာခန်း၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ 3D Ultrasound အခန်း၊ ခွဲစိတ်ခန်းနှင့် သားဖွားခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။ ကောင်းသစ်ဆေးရုံသစ်ကြီးမှ အထူးဝန်ဆောင်မှုအနေဖြင့် ဆေးရုံသို့ မလာရောက်နိုင်သော လူနာများအား အိမ်တိုင်ရာရောက် လိုက်လံကုသပေးခြင်း၊ မိမိတို့၏ ရင်သွေးငယ်ကို မိခင်ဝမ်းတွင်းမှာပင် တွေ့မြင်ကြည့်ရှုနိုင်မည့် နောက်ဆုံးပေါ် 3D Ultrasound စက်တပ်ဆင်ထားခြင်း၊ မှန်ပြောင်းဖြင့် ကျောက်ချေခြင်းနှင့် ၂၄နာရီကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းစသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဧရာဝတီ၊စစ်တောင်းနှင့် ဝေ‌န်မြစ်ရေအခြေအနေ

နေပြည်တော် စက်တင်ဘာ ၂

ဧရာဝတီမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက် အရ ဟင်္သာတမြို့တွင် ၁၃၈၇ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄၅ စင်တီမီတာ (၁-ပေခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေ သည် ယနေ့ တိုင်းထွာချက်အရ ဇလွန်မြို့တွင် ၁၂၀၃ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄၃ စင်တီမီတာ (၁ ဒသမ ၄-ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ၁၀ စင်တီမီတာ (၀ ဒသမ ၃-ပေခန့်) ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၆၀စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေ သည် ယနေ့ တိုင်းထွာအချက်အရ မဒေါက်မြို့တွင် ၁၁၃၇ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၆၇ စင်တီမီတာ (၂ ဒသမ ၂-ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်၁၁၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဝေ‌န်မြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၁၇၇ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄၇ စင်တီမီတာ (၁-ပေခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂-၉-၂၀၁၁

ပေါင်မြို့	၆ ဒသမ ၉၆ လက်မ
တောင်ကုတ်မြို့	၆ ဒသမ ၂၆ လက်မ
သံတွဲမြို့	၅ ဒသမ ၂၄ လက်မ
စစ်တွေမြို့	၅ ဒသမ ၀၆ လက်မ
ကျောက်ဖြူမြို့	၅ ဒသမ ၀၆ လက်မ
ကော့ကရိတ်မြို့	၅ ဒသမ ၀၈ လက်မ
မုဒုံမြို့	၄ ဒသမ ၄၉ လက်မ
ထားဝယ်မြို့	၄ ဒသမ ၄၉ လက်မ
ကျိုက်မရောမြို့	၄ ဒသမ ၀၂ လက်မ
ရေးမြို့	၄ ဒသမ ၀၂ လက်မ
ဆောမြို့	၂ ဒသမ ၆၅ လက်မ
ကျောက်ထုမြို့	၁ ဒသမ ၈၈ လက်မ

ဂန္ဓမာလက်ကားဈေးကြီး မကြာမီဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်သည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဂန္ဓမာလမ်းနှင့် ဝေဇယန္တာလမ်းဆုံ၌ အလျား ၃၁၈ပေ၊ အနံ ၁၅၉ပေ၊ အမြင့် ၄၂ပေရှိ ဂန္ဓမာလက်ကားဈေးကြီး (Gandamar Holesale) ကို တည်ဆောက်ခဲ့ရာ ပြီးစီးနေပြီဖြစ်သည်။ ဂန္ဓမာလက်ကားဈေးကြီးမှာ သုံးထပ်အဆောက်အအုံဖြစ်ပြီး ငွေကျပ်သန်း ၆၀၀၀ကျော်

အကုန်အကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရသည်။ စက်တင်ဘာ ၁၇ ရက်တွင် အကြိုဖွင့်ပွဲ (Soft Opening Ceremony) ပြုလုပ်ပြီး အောက်တိုဘာ ၄ ရက်တွင် (Grand Opening Ceremony)အခမ်းအနားကြီးကျင်းပသွားရန်ပင် ပြင်ဆင်ထားပြီးဖြစ်သည်။ (အပေါ်ပုံ)

ဂန္ဓမာလက်ကားဈေးကြီး၌ ပြည်တွင်း ပြည်ပထုတ်ကုန်ပစ္စည်းများဖြစ်သော လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အစားအစာများ၊ မီးဖိုချောင်သုံး ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ လက်မှုပစ္စည်းများ၊ အားကစားပစ္စည်းများ၊ အသီးအနှံများ၊ အဝတ်အထည်များနှင့် ကလေးကစားစရာများကို လက်ကားသာမက လက်လီပါရောင်းချသွားမည်ဖြစ်သည်။ ပြည်တွင်းထွက်ကုန်ပစ္စည်းများကို ဦးစားပေး ရောင်းချသွားမည်ဖြစ်ပြီး ဆေးဝါးနှင့် ဝန်ကျယ်ပြီး ဘီလပ်မြေကဲ့သို့ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေမည့် ကုန်ပစ္စည်းများ ရောင်းချမည်မဟုတ်ကြောင်း သိရှိရသည်။

ဂန္ဓမာလက်ကားဈေးကြီးတွင် စားသောက်ဆိုင်များပါ ထည့်သွင်းဖွင့်လှစ်မည်ဖြစ်သည်။ သွားလာမှုအဆင်ပြေစေရေးအတွက် ညောင်ပင်လေးဈေး၊ မြေနီကုန်းဒဂုံစင်တာအနီး ပန်းဆိုးတန်းရှိ Ruby Mart ၊ ယုဇနပလာဇာနှင့် သမိုင်းလမ်းဆုံ ငါးနေရာတို့တွင် မော်တော်ယာဉ်တစ်စီးထားကာ ဈေးဝယ်သူများအား အခမဲ့ကြိုပို့ပေးမည်ဖြစ်ပြီး လမ်းခရီးတွင် ဆင်းခွင့်ပြုမည် မဟုတ်ကြောင်း သိရှိရသည်။

ညွန့်သန်း(သတင်းစဉ်)

အငှားယာဉ်များ တက္ကစီမီတာအသုံးပြုမောင်းနှင်ကြရမည်
ယာဉ်ငှားခကျသင့်ငွေများ ထုတ်ပြန်ကြေညာထား

မြင့်မောင်စိုး

ရန်ကုန် စက်တင်ဘာ ၂

ခရီးသွားပြည်သူများ သွားလာရေး အဆင်ပြေစေရေးနှင့် ကုန်ကျစရိတ် သက်သာစေရေးအတွက် ရန်ကုန်မြို့တွင် မောင်းနှင်ပြေးဆွဲနေသော အငှားယာဉ်တက္ကစီများအား တက္ကစီမီတာများ တပ်ဆင်အသုံးပြုမောင်းနှင်ကြရန် ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက တိုက်တွန်းနှိုးဆော်ထားပြီး ဖြစ်သည်။

အငှားယာဉ်များတွင် တက္ကစီမီတာများ တပ်ဆင်ထားခြင်း မရှိပါက အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက သတိပေးထားသည်။ ခရီးသွားပြည်သူများ အနေဖြင့် ယာဉ်မောင်းမှ တက္ကစီမီတာဖွင့်၍ ပို့ဆောင်ခြင်းမပြုပါက ဖုန်းနံပါတ် ၂၉၁၂၈၅၊ ၂၉၁၂၈၄ နှင့် ၂၉၈၆၅၁ တို့သို့ တိုင်ကြားနိုင်ကြောင်းလည်း အသိပေးထားသည်။

ခရီးသွားပြည်သူများအနေဖြင့် တက္ကစီမီတာအသုံးပြုမောင်းနှင်သော တက္ကစီများ စီးနင်းပါက ကျသင့်သော နှုန်းထားများကိုလည်း အောက်ပါဇယားအတိုင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ထုတ်ပြန်ကြေညာထားသည်-

စဉ်	စီးနင်းသည့်နေရာ	သွားရောက်သည့်နေရာ	ကျသင့်ဈေးနှုန်း(ကျပ်)
၁။	ပုဇွန်တောင်မြို့နယ် ၅၁လမ်း	သုဝဏ္ဏအားကစားရုံ(၁)	၁၅၅၀
၂။	သုဝဏ္ဏအားကစားရုံ(၁)	အောင်မင်္ဂလာအဝေးပြေး	၂၆၀၀
၃။	အောင်မင်္ဂလာအဝေးပြေး	မင်္ဂလာဒုံလေယာဉ်ကွင်း	၁၇၀၀
၄။	မင်္ဂလာဒုံလေယာဉ်ကွင်း	ပန်းဆိုးတန်းသင်္ဘောဆိပ်	၃၁၀၀
၅။	ပန်းဆိုးတန်းသင်္ဘောဆိပ်	သီရိမင်္ဂလာဈေး	၁၅၀၀
၆။	သီရိမင်္ဂလာဈေး	တာမွေဈေး	၂၀၀၀
၇။	တာမွေဈေး	မြန်မာ့ရေနံ(သာကေတ)	၁၉၀၀
၈။	ဆူးလေ	သီရိမင်္ဂလာဈေး	၁၃၀၀
၉။	မြန်မာ့ရေနံ(သာကေတ)	ပုဇွန်တောင်ဈေး	၁၄၅၀
၁၀။	ဆူးလေ	လှည်းတန်း	၁၇၅၀
၁၁။	ဆူးလေ	အင်းစိန်	၃၅၀၀
၁၂။	ဆူးလေ	၈ မိုင်	၂၃၅၀
၁၃။	ဆူးလေ	ကမ္ဘာအေး	၂၁၀၀
၁၄။	ဆူးလေ	လေဆိပ်	၃၁၀၀
၁၅။	ဆူးလေ	တာမွေ	၁၄၅၀
၁၆။	ဆူးလေ	ရန်ကင်း	၁၉၀၀
၁၇။	ဆူးလေ	မြောက်ဥက္ကလာ	၂၅၅၀
၁၈။	ဆူးလေ	မင်္ဂလာဒုံ	၃၁၀၀
၁၉။	ဆူးလေ	မြောက်ဒဂုံ	၂၅၅၀
၂၀။	ဆူးလေ	ဘုရင့်နောင်ဈေး	၂၇၅၀
၂၁။	ဆူးလေ	ဒဂုံဧရာအဝေးပြေး	၄၄၅၀
၂၂။	ဆူးလေ	ရွှေပြည်သာ	၄၅၅၀
၂၃။	ဆူးလေ	အောင်မင်္ဂလာအဝေးပြေး	၃၇၀၀
၂၄။	ဆူးလေ	သာကေတ	၁၆၀၀
၂၅။	တာမွေ	သာကေတ	၁၆၀၀
၂၆။	ရန်ကင်း	အောင်မင်္ဂလာအဝေးပြေး	၂၄၀၀
၂၇။	မြောက်ဥက္ကလာ	တောင်ဥက္ကလာ	၁၅၅၀
၂၈။	မင်္ဂလာဒုံ	မြောက်ဒဂုံ	၂၂၀၀
၂၉။	ဘုရင့်နောင်ဈေး	ဒဂုံဧရာအဝေးပြေး	၂၂၅၀
၃၀။	ရွှေပြည်သာ	အောင်မင်္ဂလာအဝေးပြေး	၃၆၅၀

ရန်ကုန်မြို့တွင်းစကြံများတွင် ဈေးရောင်းမှုတားမြစ် ပြည်သူများခရီးသွားလာရေး ပိုမိုအဆင်ပြေ

ကောင်းမြတ်သူ

ရန်ကုန် စက်တင်ဘာ ၂

ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရေးနှင့် မြို့တော်သန့်ရှင်းသာယာလှပရေး အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့တွင်း ပလက်ဖောင်းစကြံများတွင် ဈေးရောင်းချခြင်းကို မကြာမီက တားမြစ်ခဲ့သည်။

ရန်ကုန်မြို့တော် စည်ပင်ရဲတပ်ဖွဲ့ဝင်များသည် နေ့စဉ်မြို့တွင်းခြောက်မြို့နယ်အတွင်းရှိ အဓိကလမ်းမကြီးများ၊ ဈေးများဝန်းကျင်တွင် လမ်းဘေးဈေးသည်များ မရောင်းချရေးအတွက် အဆက်မပြတ်ကင်းလှည့်ဆောင်ရွက်လျက်ရှိသည်။

သို့သော်လည်း ညနေပိုင်းတွင် ရောင်းချခွင့်ပေးကြောင်း သိရှိရသည်။ "ယခုလို ရန်ကုန်မြို့ထဲမှာ ပလက်ဖောင်းစကြံတွေပေါ် ဈေးရောင်းချတာ တားမြစ်လိုက်တဲ့အတွက် ခရီးသွားတွေ ပိုပြီးအဆင်ပြေလာပါတယ်၊ သက်သောင့်သက်သာ သွားလာနိုင်တာပေါ့"ဟု ခရီးသွားတစ်ဦးဖြစ်သည့် ကိုဇော်ဇော်က ပြောကြားသည်။ ရန်ကုန်မြို့အတွင်း မြို့နယ်အချို့၏ ပလက်ဖောင်းစကြံများပေါ်တွင် ဈေးရောင်းချမှု ပိတ်ပင်လိုက်ခြင်းကြောင့် မြို့တွင်းသန့်ရှင်းသာယာရေးနှင့် သွားလာမှုအတွက် များစွာ အထောက်အကူပြုကြောင်း လေ့လာတွေ့ရှိရသည်။

(မြန်မာ့အလင်း)

ရန်ကုန်မြို့ သိမ်ကြီးဈေး၌ လမ်းဘေး ဈေးရောင်းချမှု မရှိသဖြင့် ခရီးသွား ပြည်သူများ စိတ်ချမ်း မြေ့ စွာ သွား လာ နေကြစဉ်။

မှုခင်းသတင်း

သီးပြည့်ငှနေသောကားအား သီးတင်လာသည့်ကားဝင်တိုက်
နှစ်ဦးသေ၊ တစ်ဦးမီးလောင်၍ ပြင်းထန်စွာဒဏ်ရာရ

ဖြူး စက်တင်ဘာ ၂

စက်တင်ဘာ ၁ ရက် နံနက် ၁ နာရီ မိနစ် ၅၀ ခန့်က ဖြူးမြို့ ဖြူးရဲစခန်း တောင်ဘက် တာကြားရပ် ဖြူးအရှေ့အုပ်စု ရန်ကုန်-မန္တလေးပုံမှန်ကားလမ်းဘေး၌ ယာဉ်တိုက်မှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး တစ်ဦးမီးလောင်ဒဏ်ရာ ပြင်းထန်စွာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဖြူးမြို့ တာကြားရပ် ရန်ကုန်-မန္တလေး ပုံမှန်လမ်း မိုင်တိုင်အမှတ် ၁၄၀/၆ နှင့် ၁၄၀/၇ ကြားရှိ အောင်ချမ်းသာဆီဆိုင်တွင် စက်တင်ဘာ ၁ ရက် နံနက် ၁နာရီ မိနစ် ၅၀ ခန့်က တောင်သာမြို့မှ ရန်ကုန်မြို့သို့ ဖရဲသီးများ တင်ဆောင်ကာ အမှတ်(၆) ရပ်ကွက် တောင်သာမြို့နေ ယာဉ်မောင်း ကိုမောင်ကျော် အသက် ၃၉ နှစ်(ဘ) ဦးစိုးထွန်း မောင်းနှင်လာသည့် ၃၇/--- နီဆန်းဒီဇယ် ၁၀ ဘီး အဖြူရောင်ယာဉ်မှာ လက်ယာဘက်လမ်းဘေး မြေသားပေါ်၌ရပ်၍ ဆီဆိုင်မှ အလုပ်သမား သောင်းမြင့်၊ ကုလားနှင့် ၃၇/---ယာဉ်မှ ယာဉ်နောက်လိုက် ဥယျာဉ်ရွာ အမှတ် (၃) ရပ်ကွက် တောင်သာမြို့နေ မောင်တိုး အသက် ၃၅ နှစ် (ဘ)ဦးဘို တို့ ကတ္တရာလမ်းအစပ်၌ ရပ်ပြီး ဒီဇယ်ပီပါအတွင်းမှ ကားဆီတိုင်ကီအတွင်းသို့ ဆီထည့်နေကြစဉ် ရန်ကုန်မြို့မှ မြို့လှသို့ ရွှေကြည်(၉)လမ်း ပျဉ်းမနားမြို့နေသူ သော်ဇင်အောင် အသက်၂၀ (ဘ)ဦးကျော်ဟိုး မောင်းနှင်လာသည့် ၄ခ/---ဟီးနိုး ၁၀ဘီး ဒီဇယ်တင်ယာဉ်က ဆီထည့်နေသော ကုလား၊ သောင်းမြင့်နှင့် မောင်တိုးတို့အား ဝင်တိုက်သဖြင့် ကုလားမှာ ဦးခေါင်းပြတ်၊ ယာလက်ပြတ်၊ ပေါင်ပြတ် ဒဏ်ရာ၊ သောင်းမြင့်က ယာလက်ပြတ်၊ ယာခြေပြတ်၊ ဦးခေါင်းကွဲကြေ ဒဏ်ရာတို့ဖြင့် နေရာတွင်ပင် သေဆုံးခဲ့ကြသည်။ ယာဉ်နောက်လိုက် မောင်တိုးမှာ ခန္ဓာကိုယ်တစ်ခုလုံး မီးလောင်ဒဏ်ရာရရှိခဲ့ပြီး ဆီတင်ယာဉ်ဝဲဘက် ဦးခေါင်းပိုင်း ပိန်ချိုးကျိုးကြေသွားသည်။ ***(အောက်ပုံ)*** *ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း သော်ဇင်အောင်အား ဖြူးရဲစခန်းမှ အမှုဖွင့် အရေးယူထားရှိကြောင်း သိရှိရသည်။* ***(၁၁၃)***

နယ်လှည့်ဆွဲကြိုးဖြတ်သူ ဖမ်းဆီးရမိ

ရန်ကုန် စက်တင်ဘာ ၂

ဇူလိုင် ၃၀ ရက် မွန်းလွဲပိုင်းက ဒဂုံမြို့နယ် တပ်မတော်ခန်းမ၌ ကျင်းပသည့် MRTV-4 (၇)နှစ်မြောက် နှစ်ပတ်လည်ပြပွဲ ကြည့်ရှုပြီးအပြန် ထွက်ပေါက်အနီးတွင် ကိုသက်နိုင်ဝင်းနှင့်ဇနီး မနော်သင်းသင်းတို့၏သားမင်းသာကီကျော်၏ တစ်မတ်သားခန့်ရှိ ရွှေဆွဲကြိုးကို လူတစ်ဦးက ကတ်ကြေးဖြင့် ဖြတ်ယူရာ ပတ်ဝန်းကျင်မှ ဝိုင်းဝန်းဖမ်းဆီးသဖြင့် ဆွဲကြိုးဖြတ်သူ ညီညီ(ခ)အမုန်းကို ရွှေဆွဲကြိုးသုံးဆစ်နှင့်အတူ ဖမ်းဆီးရမိသည်။

စစ်ဆေးဖော်ထုတ်

ညီညီ(ခ)အမုန်းသည် ၂၀၁၀ ခုနှစ်ကုန်ပိုင်းမှစ၍ တောင်ကြီးတန်ဆောင်တိုင်ပွဲ၊ တောင်ပြုန်းပွဲ၊ ပြည်ရွှေဆံတော်ပွဲနှင့် ရတနာ့ဂူဘုရားပွဲတို့တွင် ဆွဲကြိုးဖြတ်မှုများ ကျူးလွန်ခဲ့ကြောင်းနှင့် ၂၀၁၁ခုနှစ် ဇန်နဝါရီလက ဝမ်းတွင်းမြို့နယ် သဲတောလွတ်လပ်ရေးပွဲတွင် ကလေးငယ်တစ်ဦးထံမှလည်းကောင်း၊ မတ်လက သာစည်မြို့နယ် ရွှေရင်မျှော်ဘုရားပွဲတွင် ကလေးငယ်တစ်ဦးထံမှလည်းကောင်း ဆွဲကြိုးများ ဖြတ်ယူခဲ့ပြီး ဇူလိုင်လတွင် တံတားဦးမြို့၌ကျင်းပသည့် အမေဂျမ်းပွဲတွင်လည်း ဆွဲကြိုးဖြတ်မှုများ ကျူးလွန်ခဲ့ကြောင်း စစ်ဆေးဖော်ထုတ်သိရှိရသည်။

သက်သေခံရွှေထည်များကို ရောင်းချခဲ့သောနေရာများမှ သက်ဆိုင်ရာရဲတပ်ဖွဲ့က ပြန်လည်သိမ်းဆည်းရရှိခဲ့ပြီး ပြစ်မှုကျူးလွန်သူ ညီညီ(ခ)အမုန်း အသက် ၂၅နှစ်အား အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

ဝင်းဝင်းမော်(သတင်းစဉ်)

▲ *ရှေ့ဖုံးမှ*

သိရှိနားလည် သဘောပေါက်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနအလိုက် အရေးယူဆောင်ရွက်မှု အခြေအနေများကို အစိုးရနှင့်ပုဂ္ဂလိက မီဒီယာပိုင်းမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးမည့်အစီအစဉ်'' မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုကင်းရှင်းစေရေးအတွက် ၁၈၆၀ ခုနှစ်ပြစ်မှုဆိုင်ရာ ဥပဒေ အခန်း ၉၊ ပြည်သူ့ဝန်ထမ်းတို့ကျူးလွန်သော သို့တည်းမဟုတ် ပြည်သူ့ဝန်ထမ်းတို့နှင့် သက်ဆိုင်သော ပြစ်မှုများပုဒ်မ ပုဒ်မ ၁၆၁ မှ ၁၆၅ ထိ လည်းကောင်း၊ ဟန့်တားနှိမ်နင်းရေးအတွက် ၁၉၄၈ ခုနှစ် အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေကိုလည်းကောင်း ပြဋ္ဌာန်းထားပြီး လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုများ ပပျောက်ရေးအတွက် အဖွဲ့အစည်းများနှင့်ဝန်ကြီးဌာနများက အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

၁၈၆၀ ခုနှစ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၆၁ တွင် ပြည်သူ့ဝန်ထမ်းက၊ ရာထူးဆိုင်ရာ ပြုလုပ်မှုတစ်ခုခုအတွက်၊ ဥပဒေနှင့်ညီသော အခကြေးငွေမှတစ်ပါး၊ အခြားတံစိုးကိုယူခြင်းအတွက် ပြစ်မှု၊ ပြစ်ဒဏ်ကိုလည်းကောင်း၊ ပုဒ်မ ၁၆၂ တွင် ပြည်သူ့ဝန်ထမ်းကို တရားမဲ့သော သို့တည်းမဟုတ် ဥပဒေနှင့်မညီသောနည်းဖြင့် သွေးဆောင်ရန် တံစိုးယူခြင်းအတွက် ပြစ်မှု၊ ပြစ်ဒဏ်ကို လည်းကောင်း၊ ပုဒ်မ ၁၆၃ တွင် ပြည်သူ့ဝန်ထမ်းအပေါ်၌ မိမိဩဇာကို အသုံးပြုလျက် တံစိုးယူခြင်းအတွက် ပြစ်မှု၊ ပြစ်ဒဏ်ကိုလည်းကောင်း၊ ပုဒ်မ ၁၆၄ တွင် ပုဒ်မ ၁၆၂၊ ၁၆၃ တို့၌ဖော်ပြထားသော ပြစ်မှုများကို ကျူးလွန်ရာတွင် ပြည်သူ့ဝန်ထမ်းက အားပေးကူညီသည့်အတွက် ပြစ်ဒဏ်ကိုလည်းကောင်း၊ ပုဒ်မ ၁၆၅ တွင် ပြည်သူ့ဝန်ထမ်းသည် မိမိဆောင်ရွက်သည့်မှုခင်းကိစ္စနှင့် သို့တည်းမဟုတ် လုပ်ငန်းနှင့်သက်ဆိုင်သူတို့ထံမှ အဖိုးစားနားမပေးဘဲ အဖိုးတန်ပစ္စည်းကို ရယူခြင်းအတွက် ပြစ်မှု၊ ပြစ်ဒဏ်ကိုလည်းကောင်း ဖော်ပြထားရှိပါကြောင်း။

ထို့ပြင် ၁၉၄၈ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့ရက်စွဲနှင့် ၁၉၄၈ ခုနှစ် အက်ဥပဒေအမှတ် ၆၇ ဟူသည့် အဂတိလိုက်စားမှုတားမြစ်ရေး အက်ဥပဒေကိုထုတ်ပြန်ကာ တံစိုးလက်ဆောင်ယူခြင်းနှင့် အဂတိလိုက်စားခြင်းများကို တားမြစ်ရန်အတွက် ပိုမိုထိရောက်သောဥပဒေကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယင်းပြဋ္ဌာန်းချက် ပုဒ်မ ၄-က (၁)တွင် ပြစ်မှုဆိုင်ရာပုဒ်မ ၁၆၁၊ ၁၆၂၊ ၁၆၃၊ ၁၆၄ သို့တည်းမဟုတ် ၁၆၅ အရ ပြစ်မှုကိုသော်လည်းကောင်း၊ ကျူးလွန်ခဲ့သည်ဟု သို့တည်းမဟုတ် ကျူးလွန်နေသည်ဟု မိမိမှ မသင်္ကာသည့် ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို ဝရမ်းစာမပါဘဲ ဖမ်းဆီးနိုင်သည်ဟု ပြဋ္ဌာန်းထားရှိပါကြောင်း၊ ပုဒ်မ ၄-က(၂)တွင် ထိုသို့ဖမ်းဆီးကြောင်းကို နိုင်ငံတော်သမ္မတထံ ချက်ချင်းအစီရင်ခံရမည်၊ သမ္မတ၏အမိန့်ကို မရသေးမီအတောအတွင်း ထိုအရာရှိသည် အမိန့်စာဖြင့် ထိုဖမ်းဆီးထားသူကို နိုင်ငံတော်သမ္မတက သာမန်သို့တည်းမဟုတ် အထူးအမိန့်ဖြင့် သီးခြားဖော်ပြထားသည့် အချုပ်ခန်းတွင် ချုပ်ထားနိုင်သည်ဟု ပြဋ္ဌာန်းထားရှိပါကြောင်း၊ အဖွဲ့အစည်းနှင့် ဝန်ကြီးဌာနများအနေဖြင့် ဖော်ပြပါ ဥပဒေများကိုလိုက်နာပြီး လာဘ်ပေးလာဘ်ယူနှင့် အဂတိလိုက်စားမှုများ ပပျောက်ရေးတို့အပေါ် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂-၁၂-၂၀၀၅ ရက်နေ့မှစတင်ပြီး ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း (The United Nations Convention Against Corruption)ကို သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင်တည်ဆဲဖြစ်သည့် ၁၉၄၈ ခုနှစ် အဂတိလိုက်စားမှုတားမြစ်ရေးအက်ဥပဒေသည် စုံစမ်းစစ်ဆေးခြင်းနှင့် အပြစ်ပေးအရေးယူခြင်းတို့သာပါရှိခဲ့ပြီး ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းတွင် ကြိုတင်ကာကွယ်တားဆီးခြင်း၊ သတင်းပေးတိုင်ကြားခြင်း၊ သင်တန်းပေးခြင်း၊ အဂတိလိုက်စားမှုနှင့်စပ်လျဉ်းသော သတင်းအချက်အလက်များကို နိုင်ငံအချင်းချင်းဖလှယ်ခြင်း စသည့်အချက်များ ပါဝင်လာသည့်အတွက် ပိုမိုထိရောက်သော လုပ်ဆောင်ချက်များကို ဆောင်ရွက်လာနိုင်ပြီဖြစ်ပါကြောင်း။

လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှု ပပျောက်စေရေးအတွက် လူထုမှ သိရှိနားလည် သဘောပေါက်ပြီး ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရန် မီဒီယာပိုင်းမှ ထုတ်ပြန်မှုများကိုလည်း ပြုလုပ်ခဲ့ပြီး ဝန်ထမ်းများ လာဘ်ပေးလာဘ်ယူမှုနှင့် မမှန်မကန်ဆောင်ရွက်မှုရှိပါက လူထုက ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်အတွက် မည်သူမဆို တိုက်ရိုက်တိုင်ကြားနိုင်ကြောင်းကို ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၁၁) တွင် ထည့်သွင်းဖော်ပြထားရှိခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ သတင်းစာဖော်ပြချက်တွင် "ပြည်ထဲရေးဝန်ကြီးဌာနရှိ ပြည်သူ့ဝန်ထမ်းအဆင့်အတန်းအားလုံးထဲမှ တစ်ဦးဦးသည် ငွေကြေး ပစ္စည်း၊ အခွင့်အရေးအဂတိလိုက်စားမှု ပြုလုပ်လျှင်သော်လည်းကောင်း၊ တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းနှင့် မကိုက်ညီသော မမှန်မကန်လုပ်ပိုင်ခွင့်တို့ကို အသုံးပြု၍ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးတို့တွင် အနိုင်အထက်ပြုကျင့်မှုပြုလုပ်ခဲ့လျှင်သော်လည်းကောင်း၊ ကိုယ်တိုင်တွေ့ကြုံခံစားရသော နစ်နာသူ ပြည်သူလူထုကိုယ်တိုင်က ဆက်သွယ်တိုင်ကြားနိုင်ကြောင်း၊ ဝန်ကြီးရုံးက တရားဝင်ဖွဲ့စည်းပေးသော စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ဖြင့် ဥပဒေနှင့်အညီ စစ်ဆေးပေးမည်ဖြစ်ပြီး ပြည်သူလူထု၏ နစ်နာမှုမဖြစ်စေရန် တာဝန်ယူကြောင်း၊ ပြည်သူလူထုကလည်း မှန်မှန်ကန်ကန် တိုင်ကြားခြင်းဖြင့် ကူညီဆောင်ရွက်ရန်" ဆိုကာ ဖော်ပြထားရှိသည့်အပြင် ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ဝေလျက်ရှိသည့် မှုခင်းဂျာနယ်၊ မှုခင်းသတင်းဂျာနယ်တို့တွင် ပြစ်မှု၊ မှုခင်းများနှင့်အတူ အဂတိလိုက်စားသော အမှုများ၊ အရေးယူဆောင်ရွက်မှုများကိုလည်း ပညာပေးဖော်ပြလျက် မီဒီယာအပိုင်းမှ အတိအလင်းထုတ်ပြန် ဆောင်ရွက်လျက်ရှိပါကြောင်း။

တားဆီးကာကွယ်

အခုအချိန်တွင် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်ဖြစ်သော ကောင်းမွန်သော အုပ်ချုပ်မှုစနစ် (Good Governance)၊ သန့်ရှင်းသောအစိုးရ (Clean Government)ဖြစ်ပေါ်ရေးအတွက် အဂတိလိုက်စားမှုများကို ထိထိရောက်ရောက် တားဆီးကာကွယ်နိုင်ရန် ဖြစ်ပေါ်ပြောင်းလဲနေသည့် နိုင်ငံတကာစံနှုန်းများနှင့်အညီ ထိရောက်သောအရေးယူဆောင်ရွက်နေမှုများအပေါ် အစိုးရနှင့် ပုဂ္ဂလိက မီဒီယာပိုင်းတွင် မူဝါဒနှင့်အညီ ထုတ်ပြန်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇာယာဒ်ရော်မံ(ခ) ဦးငွေဝင်း၏ **''ဘူးသီးတောင်၊ မောင်တောခရိုင်ရှိ ဒေသခံများ၏ လူမှုရေးကိစ္စ၊ လက်ထပ်ခွင့်ကိစ္စနှင့် နေထိုင်ခွင့်ကိစ္စများတွင် အခြားသောပြည်သူလူထုနှင့် မခွဲခြားဘဲ တန်းတူအခွင့်အရေး ရရှိစေရေး''** မေးခွန်းမှ လူမှုရေးကိစ္စတစ်ခုဖြစ်သည့် ထူးချွန်ထက်မြက်သော ကျောင်းသား၊ ကျောင်းသူများရှိလျက် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များသို့ ဝင်ခွင့်မရခြင်း ဟူသည့်ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ ပုံနှိပ်ထုတ်ဝေထားသော ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် တက္ကသိုလ်ဝင်ခွင့်စာအုပ်တွင် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများသို့ ဝင်ခွင့်လျှောက်ထားသူသည် တက္ကသိုလ် ဝင်ခွင့်လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်၊ မိမိကိုင်ဆောင်သော အမျိုးသားမှတ်ပုံတင်အမှတ် (သို့မဟုတ်) နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် (သို့မဟုတ်) နိုင်ငံသားလက်မှတ်အမှတ် အပြည့်အစုံဖော်ပြ၍ ကိုင်ဆောင်သောလက်မှတ်၏ ဓာတ်ပုံမိတ္တူများကို တစ်ပါတည်းပူးတွဲလျက်တင်ပြရမည်၊ နိုင်ငံရေးကင်းရှင်းကြောင်းနှင့်အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံချက်တင်ပြရမည်၊ ကျန်းမာရေးစစ်ဆေးမှုအောင်မြင်ရမည်၊ အထက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီပါက မည်သည့် ဒေသခံပြည်သူမဆို တက်ရောက်ပညာသင်ကြားခွင့်ရှိသည်ဟု ဖော်ပြထားရှိပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။
(သတင်းစဉ်)

လက်ထပ်ခွင့်ကိစ္စနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်၊ မောင်တောမြို့နှင့်ဘူးသီးတောင်မြို့နယ်များတွင် နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်၏ (၁၁-၈-၂၀၀၉)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၉)ပါ သတ်မှတ်ချက်များအရ စိစစ်ခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အမိန့်ကြော်ငြာစာတွင် တစ်လင်တစ်မယားစနစ်ကျင့်သုံးရေးနှင့် အရွယ်ရောက်ပြီးမှ လက်ထပ်ထိမ်းမြားရေးဟူသည့် အချက်များ အဓိကပါဝင်ပါကြောင်း။

ဥပဒေနှင့်အညီ

နေအိမ်ဆောက်လုပ်ခွင့်ကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ နယ်နိမိတ်အတွင်းနှင့် နယ်နိမိတ်ပြင်ပရှိ နေအိမ်အဆောက်အအုံများ မွမ်းမံပြင်ဆင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်းများနှင့်ပတ်သက်၍ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(န)၊ ပုဒ်မ ၁၈၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၆၀၊ ပုဒ်မခွဲ(က)တို့အရ ဥပဒေများဖြင့်ပြဋ္ဌာန်းပြီး စိစစ်ခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(န)၌ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင် အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်းလုပ်ငန်း တာဝန်များနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းပြုရမည်ဟု ဖော်ပြထားပါကြောင်း၊ ပုဒ်မ ၁၈၊ ပုဒ်မခွဲ(က)တွင် ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိဘဲဖြစ်စေ၊ အဆောက်အအုံဆောက်လုပ်သည်ကို သို့မဟုတ် ပြင်ဆင်ဆောက်လုပ်သည်ကို ရပ်ဆိုင်းထားစေခြင်း၊ ပြန်လည်ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း စသည့်ကိစ္စရပ်များတွင် ကော်မတီသည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အဆောက်အအုံ၊ မြေတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည်ဟု ဖော်ပြထားပါကြောင်း၊ ပုဒ်မ ၆၀၊ ပုဒ်မခွဲ(က)တွင် မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် အဆောက်အအုံတစ်ခုခုကို ဆောက်လုပ်ခြင်း သို့မဟုတ် ပြင်ဆင်ဆောက်လုပ်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း မပြုရဟု ဖော်ပြထားပြီး၊ ဖော်ပြပါဥပဒေများနှင့်အညီ နေအိမ်ဆောက်လုပ်ခွင့်ပြုကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၈ တွင် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များနှင့်ပတ်သက်ပြီး "နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရ"ဟု ပြဋ္ဌာန်းဖော်ပြပါရှိသည့်အတိုင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများနှင့် တန်းတူအခွင့်အရေးရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လက်ရှိမောင်တောခရိုင်၏အုပ်ချုပ်ရေးမှာ နယ်စပ်ဒေသဖြစ်သည့်အတွက် ဒေသအုပ်ချုပ်ရေး ယန္တရားတစ်ခုလုံးကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့သော် နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကိစ္စတွင်မူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ တစ်ခုတည်းနှင့် လုံလောက်မှုမရှိသည့်အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနတို့ ပူးပေါင်းပါဝင်သည့် (နစက)ခေါ် နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်မှ ထိန်းကျောင်းပေးရပါကြောင်း၊ နယ်စပ်ဒေသဖြစ်နေသည့်အတွက် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်လျက် အများပြည်သူအကျိုးရှေးရှုကာ ဥပဒေနှင့်အညီ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးတို့အတွက် ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

စီစဉ်ဆောင်ရွက်

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင်က **''ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ၏ အောင်မြင်ခဲ့သော၊ မအောင်မြင်ခဲ့သော အကြောင်းရင်းများကို အကျယ်တဝင့် အပိုင်းလိုက်ပြုစုထားပြီးဖြစ်သော်လည်း သမိုင်းအကျဉ်းအား ပြည်သူများအလွယ်တကူသိရှိအောင် ရှင်းလင်းဖော်ပြပေးရန် အစီအစဉ်ရှိ/မရှိ''** မေးမြန်းရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ၁၉၄၈ ခုနှစ် တိုင်းပြည်လွတ်လပ်ရေးရသည့်အချိန်မှစပြီး ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ လူမျိုးရေးအစွဲနှင့် နယ်ချဲ့ပယောဂများကြောင့် လွတ်လပ်ရေးနှင့်အတူ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ တစ်ပါတည်းပေါ်ပေါက်လာခဲ့ပါကြောင်း၊ ခေတ်အဆက်ဆက် တိုင်းပြည်တာဝန်ယူခဲ့ကြသည့် အစိုးရများကလည်း ထိုပြည်တွင်းသောင်းကျန်းမှုများ တစ်နည်းအားဖြင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါကြောင်း၊ ထိုသို့ ခေတ်အဆက်ဆက် အစိုးရအသီးသီးက ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်မှုများနှင့် အောင်မြင်မှုများ၊ မအောင်မြင်မှုများ၊ ထို့ပြင် ပြည်တွင်းသောင်းကျန်းမှုသမိုင်း တစ်နည်းအားဖြင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခသမိုင်းများကို ရေးသားထုတ်ဝေခဲ့ကြပြီးဖြစ်ပါကြောင်း၊ ဥပမာအားဖြင့် ၁၉၄၈ ခုနှစ် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုလက်ထက်တွင် နု-မူ(၁၄)ချက်ချမှတ်ကာ ငြိမ်းချမ်းရေးကြိုးပမ်းတည်ဆောက်ခဲ့ပါကြောင်း၊ အဘယ်ကြောင့် အောင်မြင်ခဲ့သည် မအောင်မြင်ခဲ့သည်ကိုလည်း ရေးသားထုတ်ဝေခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အတူ ငြိမ်းချမ်းရေးဖခင်ဟု ပြော၍ရသည့် သခင်ကိုယ်တော်မှိုင်းကလည်း ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပါကြောင်း၊ မှတ်တမ်းများလည်းထုတ်ပြန်ခဲ့ပါကြောင်း၊ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီလက်ထက်တွင်လည်း ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုမှတ်တမ်းများနှင့် အဘယ်ကြောင့် အောင်မြင်ရသည် အဘယ်ကြောင့်မအောင်မြင်ခဲ့သည်ဆိုသည့် မှတ်တမ်းများလည်း ထုတ်ခဲ့ပါကြောင်း၊ ထို့အတူ ၁၉၈၈ ခုနှစ် နောက်ပိုင်းတပ်မတော်အစိုးရလက်ထက် တိုင်းရင်းသားပြန်လည်စည်းလုံးညီညွတ်ရေး ရရှိအောင် ဆောင်ရွက်ကြိုးပမ်းမှုများ၊ အောင်မြင်မှုများကိုလည်း မှတ်တမ်းမှတ်ရာများ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အပြင် ရဲဘော်သစ်မောင်ရေးသားသည့် "ပြည်တွင်းသောင်းကျန်းမှု သမိုင်း" စာအုပ်၊ ရဲခေါင်ကျော်စွာ ရေးသားသည့် "နိုင်ငံရေးဖြင့်ဖြေရှင်းရာဝယ်" စာအုပ်၊ စည်သူအောင်နှင့် မောင်မှတ်ရေးသားသည့် "ရွှေပြည်တော်မျှော်မဝေးပြီမို့" ဆိုသည့် စာအုပ်များလည်း ရေးသားထုတ်ဝေဖြန့်ချိခဲ့ပြီးဖြစ်ပါကြောင်း၊ သို့သော်လည်း ထိုဖြန့်ချိခဲ့သည့် စာအုပ်စာစောင်များသည် နှစ်ပေါင်းမြောက်မြားစွာ ကြာပြီဖြစ်သည့်အတွက် ယနေ့အခါ ဈေးကွက်အတွင်း ရှိကောင်းမှ ရှိတော့မည်ဖြစ်ပါကြောင်း၊ အလားတူ ယနေ့ခေတ်မှ ကြီးပြင်းလာကြသည့် လူငယ်လူရွယ်အများစုအနေနှင့်လည်း ထိုစာအုပ် စာစောင်များကို ပြန်ဖတ်ရှုကောင်းမှ ဖတ်ရှုနိုင်ကြမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ထိုစာအုပ်များကို ပြန်လည်ရိုက်နှိပ်ထုတ်ဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ ရဲဘော်သစ်မောင်ရေးသားသည့် "ပြည်တွင်းသောင်းကျန်းမှုသမိုင်း"စာအုပ်ကို စတင်ပုံနှိပ်နေပြီဖြစ်ပါကြောင်း၊ မကြာမီ ကာလအတွင်း ပြည်သူများအနေဖြင့် ထိုစာအုပ်များကို အလွယ်တကူဝယ်ယူဖတ်ရှုနိုင်ကြတော့မည်ဖြစ်ပါကြောင်း။

ထို့အတူ မကြာခင်ကဖြစ်ပွားခဲ့သည့် တပ်မတော်နှင့် KIO၊ KIA ကြားပစ်ခတ်မှုများနှင့် ပတ်သက်၍ ထိုပစ်ခတ်မှုများရပ်ဆိုင်းကာ ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်သည့် အခြေအနေ ဖြစ်စဉ်ဖြစ်ရပ်များကိုလည်း ပြည်သူများသိရှိနိုင်ရန် ၁၂-၈-၂၀၁၁ ရက်တွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ချပြခဲ့ပြီးဖြစ်ပါကြောင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာများကလည်း ထုတ်နုတ်ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါကြောင်း။

အလားတူ ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသတွင်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်များ၊ အခြေခံဥပဒေနှင့်အညီ အသွင်ပြောင်းလဲမှုကို လက်မခံနိုင်ကြသေးသည့် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဆက်လက်ဆွေးနွေးညှိနှိုင်းပြီး ငြိမ်းချမ်းရေးဖော်ဆောင်မှု အခြေအနေများကိုလည်း သင့်တော်သည့်အချိန်ကာလတွင် အားလုံးသိရှိနိုင်အောင် ထုတ်ပြန်ဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာများကလည်း ထုတ်နုတ်ရေးသားဖော်ပြပေးမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးတို့က စိုက်ပျိုးရေးကဏ္ဍနှင့် စပ်လျဉ်းသည့် မေးခွန်း(၄)ခုကိုမေးမြန်းကြရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပြန်လည်ဖြေကြားသည်။

ရှေးဦးစွာ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်၏ **''လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရာတွင် လိုအပ်သည့်စက်ကိရိယာများနှင့် အရင်းအနှီးများ ဖြည့်တင်းပေးပြီး တောင်သူလယ်သမားများအား ကူညီဆောင်ရွက်မည့် အစီအမံရှိ/မရှိ''** မေးခွန်းနှင့်စပ်လျဉ်း၍ သီးနှံစိုက်ပျိုးရေး၌ အခြေခံအကျဆုံးလုပ်ငန်းဖြစ်သော မြေယာပြုပြင်ထွန်ယက်ရေးလုပ်ငန်းတွင် နိုင်ငံပိုင်ထွန်စက်များအား သုံးစွဲလိုသူတောင်သူများအတွက် စက်မှုလယ်ယာဦးစီးဌာနရှိ ထွန်စက်ကြီးများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လယ်ယာကဏ္ဍကို စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် စက်မှုလယ်ယာဦးစီးဌာနကို ၁၉၆၂ ခုနှစ်တွင် ထွန်စက်စီးရေ(၂၀၀၀)စီးဖြင့် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး နောက်ပိုင်းတွင် ထွန်စက်စီးရေ(၄၀၀၀)စီး အထိ တိုးမြှင့်ဆောင်ရွက်ခဲ့ပါကြောင်း၊ ကိုယ်ပိုင်သုံးစွဲလိုသူ တောင်သူလယ်သမားများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်း၊ စီးပွားရေးအရ တွက်ခြေမကိုက်သည့် သက်တမ်းလွန်စက်များအား ပယ်ဖျက်ခြင်း၊ စက်သစ်များ ထပ်မံဖြည့်တင်းနိုင်မှုမရှိခြင်းတို့ကြောင့် လက်ရှိတွင် (၂၃၅၀)စီးသာ ကျန်ရှိပြီး စက်မှုလယ်ယာဦးစီးဌာန ထွန်စက်စခန်း (၁၀၁)ခုမှ လက်ရှိ ထွန်စက်အင်အား (၂၃၅၀) စီးဖြင့် တောင်သူလယ်သမားများ၏ ထွန်ယက်ရေးလိုအပ်ချက်ကို အစွမ်းကုန် ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း။

သုတေသနပြု

တစ်ဖက်တွင်လည်း စက်မှုလယ်ယာစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာသုံး စက်ကိရိယာများကို ကိုယ်ပိုင်ဝယ်ယူသုံးစွဲလိုသူ တောင်သူလယ်သမားများအား လယ်ယာသုံး စက်ကိရိယာဆိုင်ရာ နည်းပညာများဖြန့်ဝေပေးခြင်း၊ စက်မောင်း၊ စက်ပြင်သင်တန်းများဖွင့်လှစ်၍ လေ့ကျင့်ပညာပေးမှုများ ဆောင်ရွက်ခြင်း၊ မိမိနိုင်ငံ၏ ရေမြေသဘာဝ၊ စိုက်ပျိုးသီးနှံများနှင့် ကိုက်ညီမည့် လယ်ယာသုံးစက်ကိရိယာများအား သုတေသနပြုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

မြေယာပြုပြင်ထွန်ယက်သည်မှ ထွက်ရှိလာသည့်သီးနှံများအား ရိတ်သိမ်းခြွေလှေ့၊ သိုလှောင်သည်အထိ စက်စွမ်းအားသုံး၍ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးမှာ အလွန်အရေးပါသကဲ့သို့ နိုင်ငံတော်ပိုင်းနှင့် ပုဂ္ဂလိကပိုင်း ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အစိုးရသစ်လက်ထက်တွင် သမ္မတကြီးကိုယ်တိုင်က ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများကို ပြည်သူတို့လိုအပ်ချက်မှန်သမျှ ကဏ္ဍအလိုက် စိတ်ကောင်းစေတနာကောင်းဖြင့် ဆောင်ရွက်ပေးသွားကြရန် လမ်းညွှန်လျက်ရှိသကဲ့သို့ ဝန်ကြီးဌာနအနေဖြင့်လည်း အတတ်နိုင်ဆုံး ဖြည့်ဆည်းသွားနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ဖက်ကလည်း တောင်သူလယ်သမားများကိုယ်တိုင်ပါဝင်သည့် စိုက်ပျိုးထုတ်လုပ်မှုအသင်းငယ်များဖွဲ့စည်း၍ လယ်ယာသုံးစက်ကိရိယာများ ဖြည့်တင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးငွေမောင်၏ **''ဝမ်းတွင်းရေလွှဲဆည် ရေကြီးရေလျှံ၊ ရေနစ်မြုပ်မှုများ မဖြစ်ပေါ်စေရေးအတွက် ဦးစားပေးအလိုက်ဆောင်ရွက်ရန် ကျန်ရှိနေသော လုပ်ငန်းများဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ''** မေးခွန်းနှင့်စပ်လျဉ်း၍ ဝမ်းတွင်းရေလွှဲဆည်သည် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၃၅၉/၂)တွင် တည်ရှိပြီး ရန်ကုန်-မန္တလေးကားလမ်းမကြီးပေါ်ရှိ ဆက်သွယ်ထားသောတံတားကို ရေပိုလွှဲအဖြစ်လည်းကောင်း၊ တံတား၏ တစ်ဖက်တစ်ချက်ရှိ ကားလမ်းကို ရေကာပေါင်အဖြစ်လည်းကောင်း၊ ၁၉၃၁ ခုနှစ်ကတည်းက တည်ဆောက်ထားခဲ့သော ရေလွှဲဆည်တစ်ခုဖြစ်ပါကြောင်း။

ဝမ်းတွင်းမြို့ ရေကြီးရေလျှံ၍ ရေနစ်မြုပ်မှု ဖြစ်ပေါ်ခြင်းသည် ဝမ်းတွင်းရေလွှဲဆည်ကြောင့် မဟုတ်ဘဲ လျှော်ပင်ချောင်းအတွင်း နှစ်ကာလကြာမြင့်စွာ သဲနုန်းများပို့ချမှုကြောင့် ချောင်းကြမ်းပြင် မြင့်တက်လာခြင်း၊ ကျေးရွာချင်းဆက်လမ်းများပေါ်ရှိ တံတားများတွင် လုံလောက်သော ရေထွက်ပေါက် မရှိခြင်းကြောင့် ဖြစ်ပါကြောင်း၊

ထိုကဲ့သို့ ဝမ်းတွင်းမြို့ ရေကြီးရေလျှံ ရေနစ်မြုပ်မှုတို့ကို ကာကွယ်ရန်အတွက် ဆည်မြောင်းဦးစီးဌာနမှ ကွင်းဆင်းလေ့လာတွေ့ရှိချက်အရ ဦးစားပေးအလိုက် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ဝမ်းတွင်းဆည်၏အထက်ဘက်ရှိ သဲနုန်းခုံအား တူးဖော်ခြင်း၊ ဝမ်းတွင်း-လိန်ပင်ဆက်သွယ်လမ်း ချောင်းဖြတ်နေရာတွင် သဲနုန်းတူးဖော်ခြင်းနှင့် လူကူးတံတားအား လိုအပ်သော ရေထွက်ပေါက် အကျယ်နှင့် အမြင့်ရရှိအောင် ဆောင်ရွက်ခြင်း၊ ဘုန်းတော်ကြီးကျောင်း ရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် မူလတူးဖော်ထားသောမြောင်းအား လုံလောက်သောအနက်နှင့် အကျယ်ရရှိအောင် တူးဖော်ခြင်း၊ လက်ရှိရေလမ်းကြောင်းအား ချဲ့ထွင်ခြင်း၊ ကဒစ်တန်းများ ပြုလုပ်ခြင်းနှင့် မြေကာပေါင်တည်ဆောက်ခြင်း၊ ရေနစ်မြုပ်လေ့ရှိသော အနိမ့်ပိုင်းနေရာမှမိုးရေနှင့် မြို့တွင်းရှိရေများကို ချောင်းအတွင်းသို့ ထုတ်ပေးနိုင်ရန် ရေတံခါးတပ်ဆင်ခြင်းလုပ်ငန်းများကို နိုင်ငံတော်၏ရန်ပုံငွေ ခွင့်ပြုချက်အပေါ် မူတည်၍လည်းကောင်း၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် ညှိနှိုင်း၍လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁

စာမျက်နှာ ၇ မှ

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးဝင်းသိန်း၏ **"ပန်းတနော်၊ ကျုံပျော် မြို့နယ်၏အတွင်းရှိ ကော့သလိုင်တာအား ပိုမိုခိုင်ခံ့အောင်ပြုလုပ်ခြင်းနှင့် တာအနီးချောင်းများအား ရေစီးရေလာကောင်းမွန်စေရန် ပြုလုပ်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်ရှိ ကော့သလိုင်တာမှာ ၁၉၉၄ ခုနှစ်တွင် စတင်တည်ဆောက်ပြီး ၁၉၉၅ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သော အလျား (၃)မိုင်၊ ထိပ်ဝအကျယ် (၁၂)ပေ၊ အမြင့် (၁၀)ပေရှိသည့် ကျေးရွာမှ ထိန်းသိမ်းထားသော လယ်သမားတာ ဖြစ်ပါကြောင်း၊ အဆိုပါတာမှာ ခရေကန်ရွာမှ ခနော်ရွာအထိရှိပြီး ဗောဓိအနောက်ကွင်းတွင် မိုးစပါး၊ နွေစပါး (၂၇၀၀၀)ဧကကို ရေဘေးကာကွယ်ပေးသည့် တာတစ်ခုဖြစ်ပါကြောင်း။

၂၀၀၉ ခုနှစ်တွင် ကော့သလိုင်တာ၌ ကျိုးပေါက်မှု (၃)နေရာ ဖြစ်ပွားခဲ့ရာ ခနော်ကျေးရွာ အုပ်ချုပ်ရေးမှူး၏ဦးဆောင်မှုဖြင့် ကျေးရွာပြည်သူလူထုက ပြုပြင်ဆောင်ရွက်ခဲ့ပြီး ဆည်မြောင်းဦးစီးဌာနမှလည်း စက်ယန္တရားများဖြင့် ကူညီဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ မိုးရာသီကုန်ဆုံး၍ ပွင့်လင်းရာသီသို့ ရောက်ရှိပါက တာတမံကြံ့ခိုင်မှုရှိစေရန်အတွက် တာပုံစံကျပြုပြင်နိုင်ရန် နိုင်ငံတော်၏ ရန်ပုံငွေခွင့်ပြုချက်အပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ကော့သလိုင်တာကို ရေရှည်တည်တံ့ခိုင်မြဲစေရန် ပတ်ဝန်းကျင်ရှိ ချောင်းမြောင်းများဖြစ်သော ခရေကန်-ဂနိမ်း-ဂျုံးဂျုံးကျ ချောင်းချဲ့ခြင်း၊ ကျုံကရင်းနှင့်မွေ့ထရံ ချောင်းချဲ့ခြင်း၊ ကျုံပတော-ကျုံတမာ ချောင်းချဲ့ခြင်းနှင့် ကျုံပတော-ဂရက်ကြီး ချောင်းချဲ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် စီစဉ်ထားရှိပြီးဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာငွေးဝင်း၏ **"ဟသ်ာတခရိုင်၊ အင်္ဂပူမြို့နယ်ရှိ နန်ကသူဆည်မှ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးမည့် အစီအစဉ် ရှိ/ မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ **နန်ကသူရေလှောင်တမံသည် ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်တွင် တည်ရှိပြီး (၁၉-၁၀-၂၀၀၀)နေ့တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုအခါ (၁၀)မိုင်ခန့်ဝေးသော ကွင်းကောက်ရွာ၊ တိုက်နယ်ဆေးရုံနှင့် အနီးပတ်ဝန်းကျင်ရွာများသို့ လျှပ်စစ်ဓာတ်အားပေးဝေနိုင်ရန် အသေးစားရေအားလျှပ်စစ် တပ်ဆင်ခြင်းလုပ်ငန်းကို ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါကြောင်း။**

ဆက်လက်ဆောင်ရွက်

ရေအားလျှပ်စစ်တပ်ဆင်ခြင်းလုပ်ငန်းတွင် ရေယူအဆောက်အအုံတည်ဆောက်ခြင်း၊ သံမဏိပိုက်လိုင်းတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ စက်တပ်ဆင်စွမ်းအား(၂၀၀) ကီလိုဝပ်၊ တာဘိုင်(၃)လုံး တပ်ဆင်သွားမည်ဖြစ်ပြီး ရေအားလျှပ်စစ် (၆၀၀)ကီလိုဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ တာဘိုင်နှင့် ဂျင်နရေတာများ မှာယူထားပြီး ရေအားလျှပ်စစ်အဆောက်အအုံတည်ဆောက်ခြင်းနှင့် ဓာတ်အားခွဲရုံ (Switch Yard)တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ကျန်ရှိနေသဖြင့် အဆိုပါလုပ်ငန်းများကို နိုင်ငံတော်မှရန်ပုံငွေခွဲဝေရရှိမှုပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆည်မြောင်းဦးစီးဌာနအနေဖြင့် ရေအားလျှပ်စစ်တပ်ဆင်ထုတ်လုပ်ပြီး ဓာတ်အားခွဲရုံ (Switch Yard)သို့ လျှပ်စစ်ဓာတ်အားရောက်ရှိသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အားခွဲရုံမှ ကွင်းကောက်ကျေးရွာသို့ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းကို ဒေသအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာအေးမောင်က **"ရေချိုငါးလုပ်ငန်းနှင့် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေကို ပြုပြင်ရေးဆွဲရန် အစီအစဉ် ရှိ/မရှိ"** မေးမြန်းရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ရေချိုငါးလုပ်ငန်းဥပဒေ ၁၉၉၁ နှင့် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ ၁၉၉၀ ဥပဒေတို့သည် ယခုအခါ ပြောင်းလဲလာသည့် ခေတ်စနစ်များနှင့် လျော်ညီခြင်းမရှိတော့သဖြင့် ဥပဒေများကိုပေါင်းစည်း၍ တစ်ခုတည်းသော ပြီးပြည့်စုံသည့် ပြည်ထောင်စုငါးလုပ်ငန်းဥပဒေအဖြစ် (Comprehensive Union Fisheried Law)အား ပြင်ဆင်ရေးဆွဲပြီး ဥပဒေမူကြမ်းအား ရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက်ရရှိနိုင်ရန် တင်ပြထားပြီးဖြစ်ကြောင်း။

ရခိုင်ပြည်နယ်အတွင်း ရေချိုငါးလုပ်ငန်းရေပြင်များတွင် တင်ဒါငါးဖမ်းကွက်များကို ၁၉၈၉-၉၀ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး လက်တွေ့မြေပြင်တွင် ပြည်သူများ၏ လက်တွေ့အခြေအနေများပေါ် မူတည်၍ပြောင်းလဲစီမံခန့်ခွဲနိုင်ရန် ပြည်နယ်သို့ စီမံခန့်ခွဲမှုများပြောင်းလဲပေးခဲ့ပြီးဖြစ်ပါကြောင်း၊ တင်ဒါငါးဖမ်းကွက်များအဖြစ်ရောင်းချခြင်းသည် ငါးအထိအမိကောင်းမွန်သည့် ဘုံငါးဖမ်းကွက်များအတွင်း ရေလုပ်သားများ အပြိုင်အဆိုင်ဝင်ရောက်လုပ်ကိုင်ရာမှ အချင်းချင်းပြဿနာဖြစ်ပွားခြင်းကို တားဆီးရန်၊ ရေလုပ်သားများ အကန့်အသတ်မဲ့ငါးဖမ်းဆီးခြင်းဖြင့် ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန် ငါးလုပ်ငန်းများစနစ်တကျ စီမံခန့်ခွဲနိုင်ရန်နှင့် နိုင်ငံတော်မှရသင့်ရထိုက်သည့် အခွန်အခများ ရရှိနိုင်ရန်ရည်ရွယ်၍ တင်ဒါငါးဖမ်းကွက်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ရေချိုငါးလုပ်ငန်းဥပဒေ အခန်း ၁ အပိုဒ် ၂(င)ပါ ရေချိုငါးလုပ်ငန်းရေပြင် အဓိပ္ပာယ်သတ်မှတ်ချက်အရ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်(၁၄) မြို့နယ်တွင် တင်ဒါငါးဖမ်းကွက် ဖော်ထုတ်တင်ဒါခေါ်ခဲ့ပါကြောင်း၊ သံတွဲခရိုင်ရှိ သံတွဲ၊ တောင်ကုတ်၊ ဂွမြို့နယ်များသည် မြန်မာ့ပင်လယ် ငါးလုပ်ငန်းဥပဒေအရ ကမ်းနီးငါးလုပ်ငန်းရေပြင်များဖြစ်၍ ဘုံငါးဖမ်းကွက်များအဖြစ်ထားရှိခြင်း ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၆(က)နှင့်(ခ)အရ ရခိုင်ပြည်နယ်အတွင်းရှိ ဘုံငါးဖမ်းကွက်များ၊ တင်ဒါငါးဖမ်းကွက်များ၏ စီမံခန့်ခွဲမှုအား မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်အစိုးရသို့ ၂၀-၄-၂၀၁၁ ရက်စွဲပါစာအမှတ် ၁/၂၀၀(ည)/၅၁၀၀/၁ (၁၅၆၄/၂၀၁၁)ဖြင့် လွှဲပြောင်းပေးအပ်ပြီးဖြစ်ပါကြောင်း၊ ထိုသို့လွှဲပြောင်းပေးအပ်ချက်အရ ၂၀၁၁-၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ်ရှိ တင်ဒါငါးဖမ်းကွက်ရောင်းချခြင်းကို ရခိုင်ပြည်နယ်အစိုးရ၏ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တင်ဒါ ငါးဖမ်းကွက်များ၏ ကြမ်းခင်းဈေးကို ရခိုင်ပြည်နယ်အစိုးရ၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရောင်းချခဲ့ပါကြောင်း။

ငါးဖမ်းကိရိယာလိုင်စင်ကြေး သတ်မှတ်နှုန်းထားများကို အများသိရှိအောင် ဖော်ပြပေးရန်ကိစ္စအား ၁၉၈၉-၁၉၉၀ ခုနှစ်ကတည်းက မြို့နယ်ရုံးများမှ ဒေသတွင်းရေလုပ်သားများအား ကြေညာပေးခဲ့ရာ ရေလုပ်သားအများစုက သိရှိကြပြီးဖြစ်ပါကြောင်း၊ သို့ရာတွင် တင်ဒါရရှိမှုနှင့် ဒေသခံများအကြား လိုင်စင်ကြေးများပိုမိုတောင်းခံမှု တိုင်ကြားမှုများရှိ၍ ပြည်နယ်မှ စိစစ်ဆောင်ရွက်ပေးခဲ့ရပါကြောင်း။

ငါးလုပ်ငန်းဦးစီးဌာနမှ မြန်မာ့ပင်လယ်ငါးလုပ်ငန်း ရေပြင်အတွင်း ငါးလုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် ကောက်ခံရမည့် လိုင်စင်ခနှုန်းထားများကို အမိန့်ကြော်ငြာအမှတ် ၅/၂၀၀၃ ဖြင့် ထုတ်ပြန်ပြီးဖြစ်သည့်အပြင် သက်ဆိုင်ရာ ငါးလုပ်ငန်းဦးစီးဌာန ရုံးများတွင် ကြော်ငြာထားပြီးဖြစ်သည့်အတွက် ရေလုပ်သားအများစုမှ ၎င်းတို့ပေးဆောင်ရသည့် ငါးဖမ်းကိရိယာလိုင်စင်နှုန်းထားများအား သိရှိပြီးဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ သက်ဆိုင်ရာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနများမှ ကျေးရွာများသို့ သယံဇာတထိန်းသိမ်းရေး၊ ကွင်းဆင်းဆောင်ရွက်သည့်ခရီးများတွင် တင်ဒါငါးဖမ်းလုပ်ငန်းများ၊ ဘုံငါးဖမ်းလုပ်ငန်းများ၊ ငါးလုပ်ငန်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ တားမြစ်ချက်များ၊ ပြစ်ဒဏ်များ၊ တစ်ပိုင်တစ်နိုင် ငါးဖမ်းဆီးခွင့်ပြုမှုများကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားပြီး ဖြစ်ပါကြောင်း၊ ထို့အပြင် တင်ဒါလေလံပွဲများတွင်လည်း ရောင်းချခြင်း မပြုမီ သတ်မှတ်တင်ဒါစည်းကမ်းချက်များကို ရေလုပ်သားများအား ရှင်းလင်းပြောကြားခြင်း၊ ၎င်းတို့ မရှင်းလင်းသည့် အချက်များအား ဖြေကြားရှင်းလင်း ပြောကြားခြင်းများ ဆောင်ရွက်ရပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ ရေလုပ်သားများအပါအဝင် ကျေးလက်နေ ဒူးဖိလက်စမ်း ငါးဖမ်းသမားများနှင့် ပြည်သူများမှ မိသားစုဟင်းစားရှာဖွေရာတွင် ကိရိယာခွန်ပေးဆောင်ရခြင်းမရှိဘဲ ဟင်းစားရှာဖွေနေကြသည်ကို နေရာအနှံ့တွင် တွေ့ရှိနိုင်ပါကြောင်း။

ရခိုင်ပြည်နယ်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များအဖြစ် စတင်ကျင့်သုံးခဲ့သည့် ၁၉၈၉-၁၉၉၀ ခုနှစ်တွင် ၂၀၁၀ ထိ ငါးဖမ်းဆီးသည့် ရာသီကာလအတွင်း ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ခဲ့ခြင်း မရှိခဲ့သော်လည်း ယနေ့အခါတွင် လူဦးရေတိုးပွားလာသည်နှင့်အမျှ ငါးလုပ်ငန်းများကို စီးပွားဖြစ်လုပ်ကိုင်လိုသူဦးရေ တိုးပွားပေါ်ပေါက်ခဲ့ပါကြောင်း၊ ငါးလုပ်ငန်းများကို စီးပွားဖြစ်လုပ်ကိုင်သူနှင့် ဒေသခံများအကြားတွင်လည်းကောင်း၊ လက်လုပ်လက်စားလုတန်းစားများအကြားတွင်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းပြိုင်ဆိုင်မှုအရ ဖြစ်ပေါ်လာသည့် ပြဿနာများကို ဖြစ်ပေါ်လာသည့်အခြေအနေ၊ အကြောင်းတရားများပေါ် မူတည်၍ ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဒေသအုပ်ချုပ်သူများနှင့် စီးပွားရေး လုပ်ကိုင်သူများ ဒေသခံပြည်သူများက ပြန်လည်သုံးသပ်ဆွေးနွေးပြီး ဘုံငါးဖမ်းစနစ်နှင့် တင်ဒါငါးဖမ်းကွက်များကို ဒေသခံပြည်သူတို့ လုပ်စားကိုင်စားမှုအဆင်ပြေရေးနှင့် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားဖြစ်ထုတ်လုပ်မှု လိုအပ်ချက်များအပေါ် အကျိုးအပြစ်၊ အားသာချက် အားနည်းချက်များ ဖော်ထုတ်ချိန်ဆ ပြောင်းလဲသတ်မှတ် ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း။

သတ်မှတ်ဆောင်ရွက်

ဦးအေးမောင် တင်ပြခဲ့သည့် ဘုံငါးဖမ်းကွက်အဖြစ် သတ်မှတ်ပေးမည့်ကာလ သတ်မှတ်ပေးရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်အဆင့်က စီမံခန့်ခွဲဆုံးဖြတ် ဆောင်ရွက်နိုင်ပြီဖြစ်သဖြင့် ကိုယ်စားလှယ်ကြီးမေးသည့်အချက်ကို ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြပြီး ဒေသစီးပွားရေးအခြေအနေ၊ ဒေသတွင်းငါးသယံဇာတတည်ရှိမှု၊ ငါးဖမ်းကိရိယာနှင့် ငါးဖမ်းလှေစီးရေသုံးစွဲမှု၊ ဒေသခံပြည်သူတို့၏ လိုအပ်ချက်အခြေအနေတို့အား ပြန်လည်သုံးသပ်ပြီး ဒေသ၏ရေမြေသဘာဝ၊ ရာသီဥတုအခြေအနေတို့နှင့် ဆီလျော်အောင် တစ်ခုချင်းအလိုက် ပိုင်းခြားသတ်မှတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ Case by Case ကိစ္စတစ်ခုချင်းအလိုက် ဒေသဆိုင်ရာ အုပ်ချုပ်သူများ၊ လက်တွေ့လုပ်ကိုင်ဆောင်ရွက်သူများ၊ ပညာရှင်များ၊ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များ ပါဝင်သည့်အဖွဲ့ဖြင့် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ဖော်ထုတ်ရရှိသည့်အချက်များကို သက်ဆိုင်ရာပြည်နယ်အစိုးရသို့ တင်ပြဆောင်ရွက်ရန်နှင့် ပြည်ထောင်စုဝန်ကြီးဌာနမှ လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးဇော်မြင့်ဖေက ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက ထောက်ခံဆွေးနွေးကြပြီး ယင်းဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီက ထပ်မံကြားနာရန် ဆုံးဖြတ်သည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်နန်းနီနီအေးက အမျိုးသားလွှတ်တော်ရုံးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးတင်ယုက ယင်းဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံပြီး ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထို့နောက် ယမန်နေ့က ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း တင်သွင်းထားသည့် **"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား ကျောက်စိမ်းကျောက်မျက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်စေရေး ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးရှုမောင်က ဆွေးနွေးရာတွင် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ငန်းသည် တူးဖော်ထုတ်လုပ်ခြင်းမှစ၍ ဆင့်တက်ပြုပြင်လုပ်ငန်းများ၊ အနုပညာလက်ရာရုပ်တုပန်းချီများ၊ အလှဆင်ပစ္စည်းများအထိ လုပ်ဆောင်နိုင်အောင်ကြိုးစား၍ နိုင်ငံတကာသို့ ရောင်းချနိုင်မှသာ စီးပွားကဏ္ဍဖွံ့ဖြိုးလာပြီး ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းရရှိကာ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်းက ကျောက်စိမ်း၊ ကျောက်မျက် တူးဖော်ထုတ်လုပ်နိုင်သည့်နိုင်ငံ၊ ကျောက်မျက်ရတနာဈေးကွက်တည်ရှိသည့်နိုင်ငံအဖြစ် ဂုဏ်ရှိန် တင့်တယ်ဝင့်ထည်စေရန် နိုင်ငံတော်အနေဖြင့် ကျောက်စိမ်းကျောက်မျက်ကဏ္ဍကို ပိုမိုတိုးချဲ့ဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးပိုးရယ်အောင်သိန်းက ပြည်သူများသည် မိမိတို့၏ မြေအောက်တွင်တည်ရှိနေသော သဘာဝသယံဇာတ အရင်းအမြစ် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များကို ကိုယ်တိုင်ကိုယ်ပိုင်ထုတ်လုပ်ခွင့်ရရှိကြ၍ စီးပွားဝင်ငွေရလမ်း ဖြောင့်ဖြူးသည်ကို ကိုယ်တိုင်ကိုယ်ကျ ခံစားသိရှိလာချိန်တွင် ဥပဒေနှင့်မညီသော မမှန်မကန်သော စီးပွားရေးအမှောင်လမ်းကြောင်းကို ဆက်လက်တိုးဝင်ခြင်း မပြုတော့ဘဲ စီးပွားရေးလမ်းမှန်အပေါ်ရောက်ရှိက အကျိုးကျေးဇူးခံစားနိုင်ကြမည် ဖြစ်ကြောင်းဖြင့် ဆွေးနွေးသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးရဲမြင့်ကကျောက်စိမ်း၊ ကျောက်မျက် လုပ်ကွက်များကို (၁)ဧက လုပ်ကွက်များသတ်မှတ်ပေးခြင်းဖြင့် ကျောက်စိမ်း၊ ကျောက်မျက်ကဏ္ဍတွင် အရင်းအနှီးပမာဏကြီးမားစွာရှိမှ လုပ်ကိုင်နိုင်သည်မဟုတ်ဘဲ ပြည်သူတို့တတ်နိုင်သည့် အရင်းအနှီးပမာဏဖြင့် တစ်ပိုင်တစ်နိုင်လုပ်ကိုင်နိုင်သည့် အခွင့်အရေးရရှိစေမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဝူက ကျောက်မျက်လုပ်ကွက်မြေများသည် မြေဆီ၊ မြေနှစ် ကောင်းမွန်သော မြေအမျိုးအစားဖြစ်၍ ရတနာတူးဖော်ထုတ်လုပ်ပြီးနောက် ယင်းမြေများပေါ်တွင် နှစ်ရှည်၊ နှစ်တိုပင်များစိုက်ပျိုးနိုင်ပြီး စိုက်ပျိုးရေးဝင်ငွေများ တိုးတက်ရရှိစေကာ သစ်တော၊ ဝါးတောများ ပြန်လည်စိုက်ပျိုးခြင်းဖြင့်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာရောက်၍ ရာသီဥတုကို အလိုအလျောက်ထိန်းသိမ်းပြီးဖြစ်သည့် အကျိုးကျေးဇူးကို ခံစားရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်က ကျောက်စိမ်း၊ ကျောက်မျက် စီးပွားရေးကဏ္ဍကို စည်းကမ်းတကျနှင့် ခေတ်မီစွာတိုးချဲ့လုပ်ကိုင်ခြင်းဖြင့် နိုင်ငံတော်နှင့်ပြည်သူတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုဘဝများ တိုးတက်မြင့်မားလာမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က **ကျောက်မျက်ရတနာလုပ်ငန်းများကို အရင်းအနှီးများသူများမှ လက်ဝါးကြီးအုပ်လုပ်ဆောင်ခြင်းမှ ကာကွယ်ရန်နှင့် အရင်းအနှီးနည်းသော လုပ်ငန်းရှင်များလုပ်ကိုင်နိုင်ရန် လုပ်ကွက်များကို ဖော်ထုတ်လုပ်ကွက်(၁၅၂၆၆)ကွက်၊**

ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် မေးမြန်းစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးစတီဖင်သာဘိတ် မေးမြန်းစဉ်။ (သတင်းစဉ်)

သတ်မှတ်လုပ်ကွက် (၅၀၃၀)၊ လစ်လပ်လုပ်ကွက် (၁၇၂၇)ကွက်၊ အကျိုးတူလုပ်ကွက် (၂၂၁)ကွက်၊ စုစုပေါင်း (၂၂၂၄၄)ကွက် ချမှတ်ပေးလျက်ရှိပါကြောင်း၊ ချမှတ်ပေးထားသော လုပ်ကွက်များတွင် နိုင်ငံတော်နှင့်အကျိုးတူဆောင်ရွက်နေသောလုပ်ကွက် (၂၂၁)ကွက်၊ ပုဂ္ဂလိကလုပ်ကွက် (၂၀၂၉၆)ကွက်ဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် အကျိုးတူလုပ်ကွက်များကို (၁)ဧကမှ (၅၀)ဧကအထိ ချပေးထားပြီး ပုဂ္ဂလိကလုပ်ကွက်များကို (၁)ဧကသာ သတ်မှတ်ချထားပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်တွင် နိုင်ငံတကာအဆင့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲရောင်းချပွဲများကို (၁)နှစ်လျှင် (၃)ကြိမ် ကျင်းပပေးလျက်ရှိပါကြောင်း၊ မတ်လတွင် (၁)ပွဲ၊ ဇွန်/ဇူလိုင်လတွင် (၁)ပွဲ၊ အောက်တိုဘာလတွင် (၁)ပွဲ ကျင်းပပြုလုပ်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် အသားကျောက် စီ နှင့် ဒီ ကျောက်စိမ်းများကိုလည်း မြန်မာကျပ်ငွေဖြင့် ပြည်တွင်းလုပ်ငန်းရှင်ကုန်သည်များသို့ လေလံတင်ရောင်းချပေးခြင်းကို တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပပြုလုပ်ပေးခဲ့ပြီး ၄င်းအသားကျောက် စီ နှင့် ဒီ အမျိုးအစားများကိုပင် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်၊ ကုန်သည်များကို နိုင်ငံခြားငွေဖြင့် တစ်ကြိမ်ရောင်းချပေးမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရောင်းချပွဲများကို တစ်လလျှင် တစ်ကြိမ်ပြုလုပ်ရန်မှာ လက်ရှိကျောက်စိမ်းဈေးကွက်၏ ဝယ်လိုအားအခြေအနေ ငွေပေးချေမှုစနစ်များအရ ဖြစ်နိုင်ဖွယ်ရာ မရှိသေးသဖြင့် နိုင်ငံတကာအဆင့်မီ ရောင်းချပွဲများကို တစ်ကြိမ်ထက်တစ်ကြိမ် ပိုမိုကောင်းမွန် အဆင့်မီအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲရောင်းချပွဲများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် သတ္တုတွင်းဝန်ကြီးဌာနမှ ဦးစီးဆောင်ရွက်သွားမည်ဖြစ်ကာ လုပ်ငန်းများအောင်မြင်စေရေးအတွက် မြန်မာ့ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ ပါဝင်ဆောင်ရွက်မှုဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ရရှိထားပြီးဖြစ်သော ဈေးကွက်ကို ပိုမိုခိုင်မာကောင်းမွန်ပြီး နိုင်ငံတကာအဆင့်မီ စံနှုန်းများဖြင့် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

အရောင်းအဝယ်စာချုပ်များ ချုပ်ဆိုပြီးနောက် ဝယ်ယူခွင့်ရသော ကုန်သည်များမှ စာချုပ်ဖောက်ဖျက်ခြင်း၊ စာချုပ်ပါတန်ဖိုးငွေများ ပေးသွင်းရန် ပျက်ကွက်ခြင်းတို့ဖြစ်ပေါ်လျက်ရှိကြောင်း တွေ့ရှိရသဖြင့် ဝယ်ယူသူကုန်သည်များထံမှ စပေါ်ငွေများကို တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ရယူခြင်း အပါအဝင် ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်သည်များကို လုပ်ဆောင်လျက်ရှိပါကြောင်း။

လက်ရှိငွေပေးချေမှုစနစ်တွင် ကြိုတင်ငွေ ၁၀ ရာခိုင်နှုန်းကို ရက်ပေါင်း (၃၀)အတွင်း ပေးသွင်းစေပြီး နောက်ထပ်ရက်ပေါင်း (၆၀)အတွင်း ရာခိုင်နှုန်းပြည့် အပြည့်ငွေချေရန် သတ်မှတ်ထားပါကြောင်း၊ လက်ရှိငွေပေးချေမှုစနစ်အရ အသင့်လျော်ဆုံးဖြစ်ပါကြောင်း၊ နောင်တွင်ပြောင်းလဲလာမည့် အခြေအနေများအပေါ်မူတည်၍ လိုအပ်သလို ပြောင်းလဲဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

နေပြည်တော်တွင် ကျောက်စိမ်း၊ ကျောက်မျက်၊ တန်ဖိုးမြင့် လက်ဝတ်ရတနာများ၊ ရုပ်တုရုပ်ထွင်းနှင့် ပန်းချီပန်းပုများ အဆင့်မြင့်စွာ ထုတ်လုပ်နိုင်ရေးအတွက် ကျောက်စိမ်းဇုန် ထူထောင်သွားမည်ဖြစ်ပြီး လိုအပ်သည်များကို

စတင်စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွ
ကျောက်မျက်လုပ်ငန်းရှင်များ၊ ပန်းပုပညာရှင်များ
အခြေခံအဆောက်အအုံများရရှိရေးအတွက် အ
စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောက်စိမ်း၊ ကျောက်မျက် ထုတ်လုပ်မှုက
များသည် တွင်းဝခွန်၊ ရတနာခွန် ပေးဆောင်
သည့် ကျောက်စိမ်း၊ ကျောက်မျက်ရတနာများကို
ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲရောင်းချပွဲမ
သကဲ့သို့ နိုင်ငံတော်အတွင်းနယ်စပ်ဒေသများမှ
တွင်လည်း ရောင်းချခြင်း၊ လက်ဝတ်ရတနာများန
ပန်းပုများလုပ်ခွင့်ရှိပါကြောင်း၊ နိုင်ငံတော်နှင့် အ
ချုပ်ဆို လုပ်ဆောင်လျက်ရှိသော ပုဂ္ဂလိက၊ ကုမ္ပဏီ
သော ရတနာများကို တွင်းဝခွန်၊ ရတနာခွန်ပေးဆေ
ကြီးမှူးကျင်းပသည့် ကျောက်စိမ်း၊ ကျောက်မျက်၊
တင်သွင်းရောင်းချခွင့်ရှိပြီး ရောင်းချရသည့် နိုင်င
နိုင်ငံတော်သို့ အခွန်ပေးဆောင်ပြီးနောက် ကျန်ေ
ရာခိုင်နှုန်း၊ ၆၀ ရာခိုင်နှုန်းဖြင့် အကျိုးတူခွဲဝေ

ရှင်းလင်းဆွေးနွေး

ကျောက်စိမ်း၊ ကျောက်မျက် ထုတ်လုပ်
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အ
ရှိပြီး သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်း
အတိုင်း ဆောင်ရွက်စေရေးနှင့် သစ်ပင်များစို
ထူထောင်ပေးခြင်းတို့ကို လုပ်ဆောင်စေလျက်
ဆွေးနွေးပြီး ယင်းအဆိုကို မေးခွန်းအဖြစ်ပြောင်း
သည်။

ထို့နောက် ယမန်နေ့က ပဲခူးတိုင်းဒေသ
ဦးမြင့်ထွန်း တင်သွင်းထားသည့် **"မြေလွတ်မြေ
အဖြစ် တိုးချဲ့ဖော်ထုတ်ပေးရန် ပြည်ထောင်စုအစိ**
အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက ဆေ
ယင်းအဆိုနှင့်စပ်လျဉ်း၍လယ်ယာစိုက်ပျိ
ဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လယ်ယာ
မှု မဖြစ်စေရေးအတွက် တည်ဆဲလယ်ယာမြေ
ကြီးကြပ်ကွပ်ကဲ စီမံဆောင်ရွက်လျက်ရှိပါကြောင
ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လ
တကျ တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် စက်မှုလ
များကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း
လယ်ယာမြေအဖြစ် ဦးစားပေးပြီး စက်ယန္တရား
လျက်ရှိပါကြောင်း။

မြေလွတ်မြေရိုင်းများ အသုံးပြုမှုနှင့်ပတ်
လုပ်ထုံးလုပ်နည်းအရ မြေလွတ်မြေရိုင်း လုပ်ကို
ပြည်သူလူထု အလုပ်အကိုင်အခွင့်အလမ်းမျ
နိုင်ငံတော်သို့ပေးသွင်းရန် အာမခံကြေးငွေကို
သာ သတ်မှတ်ခွင့်ပြုထားခဲ့ခြင်းဖြစ်သော်လည်း
နေသောသူများအနေဖြင့် လက်တွေ့စိုက်ပျိုး
မြေဧကများစွာကို ရယူထားကြခြင်းကြောင့် စို
အမှန်တကယ်လုပ်ကိုင်ဆောင်ရွက်လိုကြသော နို
မြှုပ်နှံလိုကြသည့် ကုမ္ပဏီအဖွဲ့အစည်းများအပါ
လုပ်ကိုင်လိုသူများအတွက် အခြေအနေမပေးေ
အတွက်လည်း ဝင်ငွေရရှိနိုင်မည့် အလုပ်အကို
နေသည်ကို တွေ့ရှိရပါကြောင်း။

ခေတ်နှင့်အညီ

ဤအချက်ကို ခေတ်နှင့်အညီ လိုက်လျော
နိုင်ငံတော်သမ္မတရုံး၏ ၁၂-၇-၂၀၁၁ ရက်စွဲပါ
၆၇/၂၀၁၁ ဖြင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း
သစ်ကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ပါကြေ
ဖြင့် မြေလွတ်မြေရိုင်းများကို တိုးတက်ပြောင်းလဲ
ခန့်ခွဲဆောင်ရွက်နိုင်ရန် လိုက်လျောညီထွေဖြစ်မ
အသစ်ရေးဆွဲပြုစု၍ အစိုးရအဖွဲ့သို့ (မူကြမ်း)
ဆောင်ရွက်လျက်ရှိပြီး လုပ်ထုံးလုပ်နည်းနှင့်ညီညွတ်
ပြဌာန်းနိုင်ရေးအဆင့်ဆင့်တင်ပြ ဆောင်ရွက်သွ

တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိ
အစိုးရမှ မူလတစ်ဧက ငွေကျပ် (၂၀၀၀၀)ထု
(၄၀၀၀၀)နှုန်းဖြင့် (၂)ဆ ထုတ်ချေးပေးလျက်
**တောင်သူလယ်သမားများအနေဖြင့် နိုင်င
နားလည်ပြီး မိမိတို့ တစ်ဦးချင်း၏ စိုက်ပျိုးစရိတ်
မှန်ကန်စွာ အသုံးပြုကြရန်နှင့် လောင်းကစားဝိုင်း
တော်သောနေရာများတွင် အသုံးမပြုရန်နှင့် စိုက်ပ
အပုံအပါအဝင် ကုန်ထုတ်လုပ်ငန်းငယ်များ အရင်း
အလိုက် ငွေစုငွေချေးအသင်းငယ်များ ထူထောင်
သုံးစွဲရာတွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလု
အတွက် ထိရောက်မှန်ကန်စွာ အသုံးပြုကြရန်လို**
**မသမာမှုများအပါအဝင် လေလွင့်ဆုံးရှုံးမှ
ဝိုင်းကြီးချုပ်စနစ်ဖြင့် အကောင်အထည်ဖော်ကြ
ငွေချေးအဖွဲ့ငယ်များအား စိတ်တူကိုယ်တူ ဆန္ဒ
ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့်တိုင်းဒေ
ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းအကောင်း
ပါကြောင်း။**
**စိုက်ပျိုးစရိတ်ရင်းနှီးငွေများကို ထုတ်ချေ
အဂတိကင်းရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး
များအနေဖြင့် တောင်သူလက်ဝယ်အရောက် မှန်
အပြည့်အဝရောက်ရှိရေးကို ကြပ်မတ်ဆောင်
တစ်ဦးတစ်ယောက်၊ ဌာနများမှ မသမာမှုများ၊ အလ
က ကျူးလွန်သည့်ဝန်ထမ်းများကို ထိရောက်ပြင်း
သွားနိုင်ရေးအတွက် ဝန်ကြီးဌာနသို့ တိုက်ရိ**

စတင်စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်း ပြည်ပမှ ကျောက်စိမ်း၊ ကျောက်မျက်လုပ်ငန်းရှင်များ၊ ပန်းပုပညာရှင်များအတွက် လိုအပ်သော မြေနှင့် အခြေခံအဆောက်အအုံများရရှိရေးအတွက် အဆင့်ဆင့်ဆောင်ရွက်သွားရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောက်စိမ်း၊ ကျောက်မျက် ထုတ်လုပ်မှုကဏ္ဍတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များသည် တွင်းဝခွန်၊ ရတနာခွန် ပေးဆောင်ပြီးနောက် မိမိထုတ်လုပ်ရရှိသည့် ကျောက်စိမ်း၊ ကျောက်မျက်ရတနာများကို နိုင်ငံတော်မှ ကျင်းပသည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲရောင်းချပွဲများတွင် တင်ပြရောင်းချနိုင်သကဲ့သို့ နိုင်ငံတော်အတွင်းနယ်စပ်ဒေသများမှအပ အခြားနေရာဒေသများတွင်လည်း ရောင်းချခြင်း၊ လက်ဝတ်ရတနာများနှင့်ရုပ်တုရုပ်ထွင်းများ၊ ပန်းချီ ပန်းပုများလုပ်ခွင့်ရှိပါကြောင်း၊ နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်ရန် စာချုပ်ချုပ်ဆို လုပ်ဆောင်လျက်ရှိသော ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းအဖွဲ့များမှ ရရှိလာသော ရတနာများကို တွင်းဝခွန်၊ ရတနာခွန်ပေးဆောင်ပြီးနောက် နိုင်ငံတော်မှ ကြီးမှူးကျင်းပသည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲရောင်းချပွဲများတွင်သာ တင်သွင်းရောင်းချခွင့်ရှိပြီး ရောင်းချရသည့် နိုင်ငံခြားငွေ၏ ၁၀ ရာခိုင်နှုန်းကို နိုင်ငံတော်သို့ အခွန်ပေးဆောင်ပြီးနောက် ကျန်ငွေများကို နိုင်ငံတော်နှင့် ၄၀ ရာခိုင်နှုန်း၊ ၆၀ ရာခိုင်နှုန်းဖြင့် အကျိုးတူခွဲဝေခံစားစေလျက်ရှိပါကြောင်း။

ရှင်းလင်းဆွေးနွေး

ကျောက်စိမ်း၊ ကျောက်မျက် ထုတ်လုပ်ရာ ရတနာနယ်မြေများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပြီး သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများပါ အတိုင်း ဆောင်ရွက်စေရေးနှင့် သစ်ပင်များစိုက်ပျိုးခြင်း၊ သစ်တောများ ထူထောင်ပေးခြင်းတို့ကို လုပ်ဆောင်စေလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးပြီး ယင်းအဆိုကို မေးခွန်းအဖြစ်ပြောင်းလဲရန် လွှတ်တော်က ဆုံးဖြတ်သည်။

ထို့နောက် ယမန်နေ့က ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း တင်သွင်းထားသည့် **"မြေလွတ်မြေရိုင်းများကို လယ်ယာမြေအဖြစ် တိုးချဲ့ဖော်ထုတ်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက ထောက်ခံဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လယ်ယာမြေများကို ဆုံးရှုံးလျော့နည်းမှု မဖြစ်စေရေးအတွက် တည်ဆဲလယ်ယာမြေ ဥပဒေပြဋ္ဌာန်းချက်များအရ ကြီးကြပ်ကွပ်ကဲ စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လယ်ယာစိုက်ပျိုးမြေများ စနစ်တကျ တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် စက်မှုလယ်ယာနှင့် ရေသောက်စနစ်များကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဖြစ်ထွန်းနိုင်သမျှမြေများကို လယ်ယာမြေအဖြစ် ဦးစားပေးပြီး စက်ယန္တရားအင်အားဖြင့် ဖော်ထုတ်ပေးလျက်ရှိပါကြောင်း။

မြေလွတ်မြေရိုင်းများ အသုံးပြုမှုနှင့်ပတ်သက်၍ ယခင်ဗဟိုအဖွဲ့၏ လုပ်ထုံးလုပ်နည်းအရ မြေလွတ်မြေရိုင်း လုပ်ကိုင်ခွင့်အတွက် နိုင်ငံတော်မှ ပြည်သူလူထု အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် စေတနာဖြင့် နိုင်ငံတော်သို့ပေးသွင်းရန် အာမခံကြေးငွေကို တစ်ဧကလျှင် ကျပ် (၁၀၀) သာ သတ်မှတ်ခွင့်ပြုထားခဲ့ခြင်းဖြစ်သော်လည်း အခွင့်အရေးကိုစောင့်ဆိုင်းနေသောသူများအနေဖြင့် လက်တွေ့စိုက်ပျိုး လုပ်ကိုင်အသုံးပြုခြင်းမရှိဘဲ မြေဧကများစွာကို ရယူထားကြခြင်းကြောင့် စိုက်ပျိုးရေးကို စိတ်ဝင်စား၍ အမှန်တကယ်လုပ်ကိုင်ဆောင်ရွက်လိုကြသော နိုင်ငံခြားမှလာရောက် ရင်းနှီးမြှုပ်နှံလိုကြသည့် ကုမ္ပဏီအဖွဲ့အစည်းများအပါအဝင် ပြည်တွင်းရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူများအတွက် အခြေအနေမပေးတော့ဘဲ အခြေခံပြည်သူလူထုအတွက်လည်း ဝင်ငွေရရှိနိုင်မည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးနေသည်ကို တွေ့ရှိရပါကြောင်း။

ခေတ်နှင့်အညီ

ဤအချက်ကို ခေတ်နှင့်အညီ လိုက်လျောညီထွေစွာ ပြုပြင်ပေးနိုင်ရန် နိုင်ငံတော်သမ္မတရုံး၏ ၁၂-၇-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၇/၂၀၁၁ ဖြင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း စီမံခန့်ခွဲရေး ဗဟိုကော်မတီသစ်ကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ပါကြောင်း၊ ဗဟိုကော်မတီအနေဖြင့် မြေလွတ်မြေရိုင်းများကို တိုးတက်ပြောင်းလဲလာသည့် ခေတ်နှင့်အညီစီမံခန့်ခွဲဆောင်ရွက်နိုင်ရန် လိုက်လျောညီထွေဖြစ်မည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း အသစ်ရေးဆွဲပြုစု၍ အစိုးရအဖွဲ့သို့ (မူကြမ်း)အဆင့်ဆင့်ပြုစု တင်ပြဆောင်ရွက်လျက်ရှိပြီး လုပ်ထုံးလုပ်နည်းနှင့်ညီညွတ်စွာ လွှတ်တော်သို့ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအဆင့်ဆင့်တင်ပြ ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း။

တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ် ရင်းနှီးငွေကို နိုင်ငံတော်အစိုးရမှ မူလတစ်ဧက ငွေကျပ် (၂၀၀၀၀)ထုတ်ချေးခဲ့ရာမှ ယခုငွေကျပ် (၄၀၀၀၀)နှုန်းဖြင့် (၂)ဆ ထုတ်ချေးပေးလျက်ရှိနေပြီ ဖြစ်ပါကြောင်း။

တောင်သူလယ်သမားများအနေဖြင့် နိုင်ငံတော်၏စေတနာကို သိရှိနားလည်ပြီး မိမိတို့ တစ်ဦးချင်း၏ စိုက်ပျိုးစရိတ်ရင်းနှီးငွေများကို ထိရောက်မှန်ကန်စွာ အသုံးပြုကြရန်နှင့် လောင်းကစားဝိုင်းများအပါအဝင် အခြားမသင့်တော်သောနေရာများတွင် အသုံးမပြုရန်နှင့် စိုက်ပျိုးငွေအရင်းအနှီး အထောက်အပံ့အပါအဝင် ကုန်ထုတ်လုပ်ငန်းငယ်များ အရင်းအနှီးရရှိရေးအတွက် ကျေးရွာအလိုက် ငွေစုငွေချေးအသင်းငယ်များ ထူထောင်ဆောင်ရွက်နေကြပြီး ငွေချေးသုံးစွဲရာတွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်မှန်ကန်စွာ အသုံးပြုကြရန်လိုအပ်ပါကြောင်း။

မသမာမှုများအပါအဝင် လေလွင့်ဆုံးရှုံးမှုများမရှိစေရန် အချင်းချင်းဝိုင်းကြီးချုပ်စနစ်ဖြင့် အကောင်အထည်ဖော်ကြရန် လိုအပ်မည်ဖြစ်ပြီး ငွေစုငွေချေးအဖွဲ့ငယ်များအား စိတ်တူကိုယ်တူ ဆန္ဒတူ မိမိတို့တစ်ဦးချင်းမှသည် ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး၊ နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းအကောင်အထည်ဖော်ကြရန် လိုအပ်ပါကြောင်း။

စိုက်ပျိုးစရိတ်ရင်းနှီးငွေများကို ထုတ်ချေးရာတွင် အလွဲသုံးစားနှင့် အဂတိကင်းရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တာဝန်ရှိသူ မန်နေဂျာများအနေဖြင့် တောင်သူ့လက်ဝယ်အရောက် မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် အပြည့်အဝရောက်ရှိရေးကို ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တစ်ဦးတစ်ယောက်၊ ဌာနများမှ မသမာမှုများ၊ အလွဲသုံးစားပြုလုပ်မှုများရှိလာပါက ကျူးလွန်သည့်ဝန်ထမ်းများကို ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားနိုင်ရေးအတွက် ဝန်ကြီးဌာနသို့ တိုက်ရိုက်ဖြစ်စေ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များထံသို့ဖြစ်စေ တိုင်ကြားခြင်းဖြင့် ထိန်းကျောင်းကူညီပေးကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

တားဆီးကာကွယ်

တောင်သူလယ်သမားထု၏ အကျိုးကိုရှေးရှုပြီး လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်၏ စေတနာမှန်ကို တုံ့ပြန်သောအားဖြင့် ထုတ်ချေးငွေများကို လယ်ယာကဏ္ဍတွင် အပြည့်အဝအသုံးချ ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းအောင်မြင်ရေးကို အနှောင့်အယှက်ဖြစ်စေမည့် အဂတိလိုက်စားမှု၊ မသမာမှုများကို လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအပိုင်းကလည်း ဝိုင်းဝန်းဖော်ထုတ်ကာ တားဆီးကာကွယ်ပေးကြပါရန် အထူးလိုအပ်မည်ဖြစ်ပါကြောင်း။

စိုက်စနစ်များ ပိုမို၍ တိုးတက်လာစေရန်နှင့် မြေဆီပညာကို လယ်သမားများ နီးစပ် နားလည်အောင် စီမံပေးရေးနှင့်ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လေ့ကျင့်ပညာပေးရေးလုပ်ငန်းတာဝန်ဖြစ်သည့် မြေဆီလွှာအပါအဝင် သိပ္ပံနည်းကျ စိုက်ပျိုးစနစ်များကို ကျင့်သုံးဆောင်ရွက်ရေး သီးနှံအလိုက် ဒေသရေမြေနှင့် ကိုက်ညီသောသီးနှံ စိုက်ပုံစံများ၊ စိုက်ပျိုးမြေပြုပြင်နည်းများ၊ ရေအသုံးချမှုနည်းစနစ်များ၊ သီးနှံစိုက်ပျိုးမှု နည်းစနစ်များကို ပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ (၂)ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် လယ်ယာစီးပွားသတင်းစာစောင်များမှလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ရုပ်မြင်သံကြားအစီအစဉ်များမှလည်း အထက်ပါ ပညာပေးလုပ်ငန်းအစီအစဉ်များကို ပြည်သူအများ ထိထိရောက်ရောက် သိရှိလက်ခံကျင့်သုံးလာနိုင်စေရန် ပညာပေးဆောင်ရွက်မှုလုပ်ငန်းများ ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းစဉ် (၅)ရပ် ဖြစ်သည့် အထွက်ကောင်း မျိုးကောင်းမျိုးသန့်များ အသုံးပြုရန်လိုအပ်ခြင်း၊ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ အသုံးပြုခြင်း၊ သွင်းအားစု၊ စိုက်ပျိုးရေအပါအဝင် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများကို အချိန်ကိုက်၊ အချိုးကျ အသုံးပြုရန်လိုအပ်ခြင်း၊ မျိုးစေ့၊ သွင်းအားစု အပါအဝင် အပင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ အလေအလွင့် ဆုံးရှုံးမှုနည်းအောင်ဆောင်ရွက်ခြင်း၊ ထွက်ရှိလာသည့် သီးနှံများအပေါ် တွက်ခြေကိုက်ပြီး ဈေးကွက်ခိုင်မာအောင် ဆောင်ရွက်ပေးရန်လိုအပ်ခြင်းဖြင့် ပညာပေးစည်းရုံးဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးပြီး ယင်းအဆိုကို လွှတ်တော်က ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်သည်။

ထောက်ခံဆွေးနွေး

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင်က **"နိုင်ငံတော်အစိုးရအနေဖြင့် ယနေ့ဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခအပေါ် ငြိမ်းချမ်းရေးနှင့် အပစ်အခတ်ရပ်စဲရေးအတွက် တွေ့ဆုံဆွေးနွေးရေး ဆောင်ရွက်နိုင်ရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် ဒို့တာဝန်အရေးသုံးပါးကို ထိပါးမခံဘဲ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်းမျိုးသာ ဆောင်ရွက်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးသည်။

ထိရောက်အောင်မြင်

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရသည့်အချိန်မှစ၍ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ လူမျိုးရေးအစွဲနှင့် နယ်ချဲ့တို့၏ပယောဂများကြောင့် လွတ်လပ်ရေးနှင့်အတူ လက်နက်ကိုင်ပဋိပက္ခများ တစ်ပါတည်းဖြစ်ပေါ်ခဲ့ပါကြောင်း၊ ခေတ်အဆက်ဆက်တာဝန်ယူခဲ့ကြသည့် အစိုးရများအနေဖြင့် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးရအောင် ကြိုးစားခဲ့ကြပါကြောင်း၊ သို့သော် ထိထိရောက်ရောက် အောင်မြင်ခြင်းမရှိခဲ့ပါကြောင်း၊ တပ်မတော်အစိုးရလက်ထက်တွင်မူ စာနာထောက်ထားနားလည်သည့်၊ စေတနာကိုအရင်းခံသည့် နည်းလမ်းများဖြင့် ငြိမ်းချမ်းရေးတည်ဆောက်ခဲ့သည့်အတွက် ထိရောက်အောင်မြင်ပြီး တစ်နိုင်ငံလုံးနီးပါး တည်ငြိမ်အေးချမ်း၊ ငြိမ်းချမ်းမှုရခဲ့ပါကြောင်း၊ သို့သော်လည်း အခြေခံဥပဒေနှင့်အညီ ထာဝရငြိမ်းချမ်းရေးရအောင် ကူးပြောင်းသည့်အခါတွင် ဥပဒေဘောင်အတွင်း ဝင်ရောက်ထားသည့် တိုင်းရင်းသားလက်နက်ကိုင်တချို့က အခြေခံဥပဒေနှင့်အညီ အသွင်ပြောင်းရန် လက်မခံဘဲ ကျန်နေခဲ့သကဲ့သို့ နယ်စပ်ဒေသတွင်လည်း လက်နက်ကိုင်ဆန့်ကျင်နေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အချို့ ကျန်နေပါသေးကြောင်း။

လက်ရှိပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသစ်လက်ထက်တွင်လည်း အထက်ပါ ဝိရောဓိနှင့်လက်နက်ကိုင်ပဋိပက္ခများ ရှိနေပါသေးကြောင်း၊ သို့သော်လည်း နိုင်ငံတော်အစိုးရအနေနှင့်မူ လက်နက်ကိုင်ပဋိပက္ခကို မလိုလားပါကြောင်း၊ သွေးထွက်သံယိုမှုကို မလိုလားပါကြောင်း၊ ငြိမ်းချမ်းရေးကိုသာ လိုလားပါကြောင်း၊ အလားတူ ငြိမ်းချမ်းရေးသည် ပြည်သူများ၏ အလိုချင်ဆုံးသောဆန္ဒသဘောထားဖြစ်သည်ကိုလည်း မိမိတို့နားလည်ပါကြောင်း၊ သို့အတွက်လည်း နိုင်ငံတော်အကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲ နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင်က **"မူဝါဒလမ်းစဉ် (၇)ရပ်ကို သံသယရှိနေသေးသည့်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်သေးသည့် သူများကိုလည်း သူတို့၏ သံသယများပျောက်ပြီး အမျိုးသားအကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်လာအောင် မိမိတို့၏ မှန်ကန်သည့် စေတနာများကို ပြသဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မတူညီသည့် သဘောထားအမြင်များကြားမှ တိုင်းပြည်နှင့် လူမျိုးအတွက် တူညီသည့်ကိစ္စများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် ဖိတ်ခေါ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်ကြသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း နိုင်ငံတော်နှင့်နိုင်ငံသား ပြည်သူလူထုတစ်ရပ်လုံး၏အကျိုးစီးပွားကိုရှေးရှုပြီး ငြိမ်းချမ်းရေးတံခါး ဖွင့်ထားကြောင်း"** ဖြင့် အတိအလင်း ကမ္ဘာသိ၊ မြန်မာသိ ကမ်းလှမ်းပြောကြားခဲ့ပြီးဖြစ်ပါကြောင်း။

လုပ်ငန်းစဉ် (၈)ရပ်

ထိုသို့ ကမ်းလှမ်းပြောကြားခဲ့သည့်အတိုင်း ယနေ့အခါတွင် မူဝါဒလမ်းစဉ်(၇)ရပ်၏ အမှတ် (၇)ဖြစ်သည့် "အခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းပေါ်ပေါက်လာသောလွှတ်တော်များ၊ အစိုးရအဖွဲ့များ၊ တရားရေးအဖွဲ့များဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေး" အတွက် ကုန်သွယ်မှုတိုးတက်နိုင်ရန် အခွန်လျှော့ချပြောင်းလဲဖော်ဆောင်မှုများ၊ မိုက်ခရိုစီးပွားရေး မူဝါဒများ

ပြုပြင်ရန်ကြိုးပမ်းနေမှုများ၊ မိုက်ခရိုစီးပွားရေးအတွက် လုပ်ငန်းစဉ် (၈)ရပ် ချမှတ်အကောင်အထည်ဖော်နေမှုများ၊ ဥပဒေပြုရေးအတွက် ပြုပြင် ဖြည့်စွက်သင့်သည်များကို ပြုပြင်ဖြည့်စွက်ရေး၊ ပယ်ဖျက်သင့်သည်များ ပယ်ဖျက်ပြီး အသစ်ပြဋ္ဌာန်းရေး ဆောင်ရွက်နေမှုများ၊ လူမှုရေးအတွက် ပင်စင်လစာတိုးမြှင့်ပေးမှုအပါအဝင် ပညာရေး၊ ကျန်းမာရေး ပြုပြင်တိုးမြှင့်ဖော်ဆောင်ပေးမှုများ၊ နိုင်ငံတကာဆက်ဆံရေး ပြုပြင်တိုးမြှင့်ဆောင်ရွက်မှုများ၊ နိုင်ငံရေးတွင်လည်း အခြေခံဥပဒေနှင့်အညီ ဖော်ဆောင်စေပြီး တူညီသည်များကို ပူးပေါင်းဆောင်ရွက်နေမှုများအပြင် ကျန်သော အခြားကဏ္ဍများတွင်ပါ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ပြီး နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့် စေတနာလုပ်ရပ်ကို ပြသလျက်ရှိပါကြောင်း။

ထုတ်ပြန်ကမ်းလှမ်း

ထို့အပြင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးရရှိအောင်လည်း နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး အဖြေရှာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်အောင်လည်း ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကို ၁၈-၈-၂၀၁၁ ရက်နေ့က အစိုးရအဖွဲ့၏ ကြေညာချက်အမှတ် (၁/၂၀၁၁) ဖြင့် ထုတ်ပြန်ကမ်းလှမ်းခဲ့ပြီး ဖြစ်ပါကြောင်း။

ထိုကမ်းလှမ်းချက်တွင် နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေး(၃)ပါးကို ထိန်းသိမ်းပြီး အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရန်အတွက် နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးကိုတည်ဆောက်ကာ နေရာဒေသအနှံ့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းတည်ဆောက်သွားရန် အထူးပင်လိုအပ်သည်ဟုယုံကြည်ပါကြောင်း။

လက်နက်ကိုင်ပဋိပက္ခများဖြေရှင်းပြီး ငြိမ်းချမ်းရေးဖော်ဆောင်လိုသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိတို့တစ်ဖွဲ့ချင်းအလိုက် ပထမအဆင့်အနေဖြင့် ပဏာမဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း။

ပဏာမဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်ပြီးပါက နိုင်ငံတော်အစိုးရဘက်မှ ဆွေးနွေးမည့် အဖွဲ့အစည်း ဖွဲ့စည်းပြီး သက်ဆိုင်ရာငြိမ်းချမ်းရေးဖော်ဆောင်မည့် အဖွဲ့အစည်းနှင့်ဆွေးနွေးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖော်ပြထားပါကြောင်း။

ဆွေးနွေးညှိနှိုင်း

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေနှင့် ငြိမ်းချမ်းရေးကမ်းလှမ်းလာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ကြေညာချက်အမှတ် (၁/၂၀၁၁)ပါအတိုင်း လက်ခံဆွေးနွေးညှိနှိုင်းပြီး ပထမဦးစွာ ယာယီအပစ်အခတ်ရပ်ဆိုင်းရေး၊ ၎င်းမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားလိုပါကြောင်း။

ထိုသို့ ညှိနှိုင်းဆွေးနွေးရာတွင်လည်း နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မိန့်ကြားချက်နှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ သမ္မတကြီးက **"သမိုင်းရဲ့သင်ခန်းစာတွေအရ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးဟာ ကျွန်တော်တို့လက်ထက်သာမက နောင်သားစဉ်မြေးဆက် လက်ထက်အထိပါ ကမ္ဘာတည်သရွေ့ နိုင်ငံသားတိုင်းလိုက်နာစောင့်ရှောက်ကာကွယ်သွားကြရမယ့် အမျိုးသားရေးတာဝန်ဖြစ်ကြောင်း၊ ဒါကြောင့် ကျွန်တော်တို့အစိုးရလက်ထက်မှာလည်း ဒီတာဝန်ကြီးသုံးရပ်ကို ဦးထိပ်ပန်ဆင်ပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း"** ဖြင့် မိန့်ကြားခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းလမ်းညွှန်မိန့်ကြားချက်ကို အခြေခံကာ ဒို့တာဝန်အရေးသုံးပါးကို အာမခံနိုင်သည့် မူဘောင်အတွင်းမှ ဖော်ဆောင်သွားမှာဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် မိမိတို့ထက် နယ်မြေ၊ လူဦးရေ အဆမတန် ပိုမိုကျယ်ပြန့်များပြားသည့် နိုင်ငံကြီးနှစ်ခုအကြားရှိနေသည့်နိုင်ငံဖြစ်ပါကြောင်း၊ ထို့ပြင် နယ်မြေကျဉ်းပြီး လူဦးရေအလွန်များပြားသည့်အတွက် နယ်မြေနှင့် လူဦးရေ မမျှမတအခက်အခဲရှိနေသည့် နိုင်ငံတစ်နိုင်ငံနှင့်လည်း နယ်နိမိတ်ထိစပ်နေပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ ထာဝစဉ်တည်တံ့နိုင်ရေးအတွက် ဒို့တာဝန်အရေးသုံးပါးခိုင်မြဲရေးသည် အဓိကကျသည်ဆိုသည်ကို တွေ့နိုင်ပါကြောင်း။

ဒို့တာဝန်အရေးသုံးပါး

ထို့အတူ မိမိတို့နိုင်ငံသည် တိုင်းရင်းသားပေါင်း (၁၀၀)ကျော် ရောနှောစုစည်းနေထိုင်ကြသည့် နိုင်ငံဖြစ်သည့်အတွက် နိုင်ငံတော်ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးသည် အလွန်အရေးကြီးသည်ဆိုသည်ကိုလည်း မြင်နိုင်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးဖော်ဆောင်ရာတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒို့တာဝန်အရေးသုံးပါးကို အာမခံနိုင်သည့် မူဘောင်အတွင်းမှ လိုက်လျောနိုင်သမျှ လိုက်လျောပြီး နှစ်ဖက်မျှမျှတတနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်ကို ပြောကြားလိုပါကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင်၏အဆိုသည် ယနေ့ နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်နေသည့် မူဝါဒများနှင့် တူညီလျက်ရှိပြီး နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် မူဘောင်အတွင်း ပါဝင်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးပြီး ယင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူသည်။

ယင်းနောက် ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ညနေ ၄ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်သည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းသည့် မေးခွန်း(၈)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ ဥပဒေကြမ်းနှစ်ခုအနက် ဥပဒေကြမ်းတစ်ခုကို ဥပဒေကြမ်းကော်မတီက ထပ်မံကြားနာရန် ဆုံးဖြတ်ခြင်း၊ ဥပဒေကြမ်းတစ်ခုကို အတည်ပြုခြင်း၊ ယမန်နေ့က တင်သွင်းခဲ့သည့် အဆိုနှစ်ခုအနက် အဆိုတစ်ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ပြည့်ပြည့်စုံစုံဖြေကြားပြီးဖြစ်သည့်အတွက် မေးခွန်းအဖြစ် ပြောင်းလဲမှတ်တမ်းတင်ခြင်း၊ အဆိုတစ်ခုကိုပြန်လည်ရုပ်သိမ်းခြင်း၊ အဆိုသစ်တစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

၂၀၁၁ ခုနှစ် စက်တင်ဘာ ၅ ရက် တနင်္လာနေ့ နံနက် ၁၀ နာရီတွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ကျင်းပသွားမည် ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား

(၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲဖွင့်

ရန်ကုန် စက်တင်ဘာ ၂

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၁ ခုနှစ် (၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂျူဒိုပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံ၌ကျင်းပရာ ယမန်နှစ် ချန်ပီယံ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့က အသင်းလိုက်ဒိုင်းများနှင့် စွယ်စုံတံခွန်စိုက်ဒိုင်းတို့ကို မြန်မာနိုင်ငံ အမျိုးသား အားကစားကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူထံ ပြန်လည်အပ်နှံကြသည်။

အမှာစကားပြောကြား

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်သည်။

စတင်ကျင်းပ

ယင်းနောက် ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြပြီး ပထမနေ့ သတ်မှတ်ထားသော ပြိုင်ပွဲ ပွဲစဉ်များကို စတင်ကျင်းပရာ ၆၆ ပွဲ ကျင်းပပြီးစီးသည်။

ပြိုင်ပွဲကို စက်တင်ဘာ ၄ ရက်အထိ ယင်းအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တက်ရောက်အားပေး

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ ၂၀၁၁ ခုနှစ် (၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။

(သတင်းစဉ်)

မြန်မာဂျူဒိုလက်ရွေးစင်အသင်း ပူးတွဲလေ့ကျင့်ရန် ကိုရီးယားသမ္မတနိုင်ငံ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂

၂၀၁၄ ခုနှစ် အင်ချွံအာရှအားကစားပြိုင်ပွဲအတွက် အာရှအိုလံပစ်ကောင်စီနှင့် အင်ချွံအာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီ၏ OCA Incheon Vision 2014 Programme အစီအစဉ်ဖြင့် မြန်မာ-ကိုရီးယား ဂျူဒိုအားကစားနည်း တစ်လပူးတွဲလေ့ကျင့်ရန်အတွက် အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူအဖြစ် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ (မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်၊ အထွေထွေအတွင်းရေးမှူး)ဦးဆောင်သော မြန်မာ့လက်ရွေးစင် ဂျူဒိုအသင်းသည် ယမန်နေ့ ည ၇ နာရီ ၁၀ မိနစ်က လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှထွက်ခွာသွားရာ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

မြန်မာဂျူဒို အားကစားအဖွဲ့တွင် ၅၅ ကီလိုတန်းမှ ကပ်ကျင်းပေါင်၊ ၆၀ ကီလိုတန်းမှ ဟိန်းလတ်ဇော်နှင့် ဖြိုးကိုကို၊ ၆၆ ကီလိုတန်းမှ စောမိုင်းစံ၊ ၇၃ ကီလိုတန်းမှ သူရဇော်၊ ၈၁ ကီလိုတန်းမှ ရန်နိုင်စိုးနှင့် ၉၀ ကီလိုတန်းမှ ဇင်လင်းအောင်တို့ လိုက်ပါသွားကြကြောင်း သိရှိရသည်။ **(ဝဲပုံ)** **(မြန်မာ့အလင်း)**

၂၀၁၁ ခုနှစ် မုဒုံမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်၊ ကျေးရွာအုပ်စု ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၄ ရက်က မုဒုံမြို့မအားကစားကွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်း အမှာစကားပြောကြားစဉ်။

(မြို့နယ် အား/ကာ)

ငလျင်ကြိုတင်ကာကွယ်ရေးလေ့ကျင့်မှု ဂျပန်၌ပြုလုပ်

တိုကျို စက်တင်ဘာ ၂

ဂျပန်နိုင်ငံတွင် ဖြစ်ခဲ့သည့် မတ်လက ငလျင်ဒဏ်ကြောင့် ဆူနာမီနှင့် နျူကလီးယားဘေးဒုက္ခ ကြုံတွေ့ခဲ့ရပြီးနောက် ပထမဆုံးအကြိမ်အဖြစ် စက်တင်ဘာ ၁ ရက်က ပြည်သူအများအပြား ငလျင်ဘေးဒဏ်မှ ကြိုတင်ကာကွယ်ရေး စုပေါင်းလေ့ကျင့်မှုတစ်ရပ် ပြုလုပ်ခဲ့သည်။ (ဝဲပုံ)

လေ့ကျင့်ခဲ့

တိုကျိုမြို့လယ်ရှိ နေရာပေါင်း ၁၀၀ တွင် ရဲတပ်ဖွဲ့ဝင်များကြီးကြပ်ပြီး ငလျင်အန္တရာယ်အချက်ပေးသည်နှင့် လုံခြုံဘေးကင်းသည့်နေရာများသို့အရောက် ပြေးလွှားရှောင်တိမ်းမှု လေ့ကျင့်ခဲ့ကြသည်။ ထိုသို့လေ့ကျင့်ရာတွင် မြေအောက်ဘူတာရုံများမှ ရထားစီးခရီးသည်များအပါအဝင် မြေအောက်ရထားများ ဘေးကင်းစွာ ရပ်ဆိုင်းမှုများလည်း ပါဝင်သည်။

ဂျပန်နိုင်ငံသည် ၁၉၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်က ကန်တိုမြို့တွင် ရစ်ချ်တာစကေး ၇ ဒသမ ၃ အင်အားရှိသော ငလျင်လှုပ်ခဲ့ရာ ပြည်သူ ၁၄၀၀၀၀ ကျော် သေဆုံးခဲ့ရသည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ယခုကဲ့သို့ ငလျင်ဘေးမှ ကြိုတင်ကာကွယ်ရေး စုပေါင်းလေ့ကျင့်ကြခြင်းဖြစ်သည်။ ငလျင်ဒဏ်ကြုံတွေ့ရချိန်တွင် ဓာတ်အားဖြတ်တောက်မှုဆိုင်ရာစနစ်များကိုလည်း ချူဘူအီလက်ထရွန်ပါဝါလုပ်ငန်းက ကြိုတင်လေ့ကျင့်မှုအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

ထိုသို့ စုပေါင်းလေ့ကျင့်ရာတွင် လူထောင်ပေါင်းများစွာက နေအိမ်များမှပြေးထွက်ကာ ဘေးကင်းရာသို့ ရှောင်တိမ်းမှုများလည်း ပြုလုပ်ခဲ့ကြသည်။ ယခု စုပေါင်းလေ့ကျင့်မှုတွင် လူပေါင်း ၅၁၇၀၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြသည်။

(အင်တာနက်)

အမေရိကန်၌ အီရီနေမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများပြားခဲ့

နယူးယောက် စက်တင်ဘာ ၂

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ်တွင် အီရီနေဟာရီကိန်းမုန်တိုင်း ပြင်းထန်စွာတိုက်ခတ်ခဲ့မှုကြောင့် မိုးသည်းထန်ခြင်း၊ မြစ်ရေကြီးခြင်း၊ အိုးအိမ်များပျက်စီးခြင်းနှင့် လျှပ်စစ်မီးပြတ်တောက်ခြင်း ဘေးဒုက္ခများခံစားကြရသည်။ အမေရိကန်နိုင်ငံ၏ လူဦးရေထူထပ်သောပြည်နယ်ဖြစ်သည့် နယူးဂျာစီပြည်နယ်၌ ကျရောက်ခဲ့သောကြောင့် နယူးယောက်မြို့တော်မှ မိုင်၅၀ပတ်လည်ဧရိယာ၌ မုန်တိုင်းဒဏ် သင့်ခဲ့သည်။ မုန်တိုင်းဒဏ်ကြောင့် မြောက်ကယ်ရိုလိုင်းနားမှ နယူးယောက်အထိ လူ ၄၅ ဦးသေဆုံးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၄ ဘီလီယံရှိခဲ့ကြောင်း အမေရိကန် မိုးလေဝသဌာနက ထုတ်ပြန်ခဲ့သည်။ ထို့အပြင် ဘားမောင့်ဧရိယာ၌ ၇၅ နှစ်အတွင်း အဆိုးရွားဆုံးရေလွှမ်းမိုးမှုဖြစ်ခဲ့ပြီး နယူးဂျာစီ၌ လူပေါင်း ၈၅၂ ဦး ဘေးလွတ်ရာ၌ ခိုလှုံခဲ့ရသည်။ ပြည်နယ်အတွင်းရှိ မြစ်ကြီး ၁၁ စင်းနှင့် ၄င်း၏မြစ်လက်တက်များမှ ရေလျှံ၍ ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ရာ အချို့နေရာများ၌ အမြင့်ရှစ်ပေအထိ ရေလွှမ်းမိုးမှုရှိခဲ့သည်။

ထို့အတူ နယူးယောက်၌ မုန်တိုင်းကြောင့် ပျက်စီးယိုယွင်းမှုတန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့်ရှိပြီး နေအိမ်၆၀၀ကျော် လုံးဝပျက်စီးခဲ့ရသည်။ အဓိကဆက်သွယ်ရေးလမ်းမကြီး ၁၅၀ မှာ ပိတ်ဆို့မှုဖြစ်ပေါ်ပြီး တံတားကြီး၂၂စင်းမှာ ပိတ်ထားခဲ့ရသည်။ လယ်ယာမြေ ၁၄၀၀၀၀ဧကကျော် ပျက်စီးခဲ့သဖြင့် အမေရိကန်ဒေါ်လာ ၄၅ သန်းတန်ဖိုးခန့်ဆုံးရှုံးခဲ့ရသည်။**(အင်တာနက်)**

ရွှေပြည်ဟိန်းကုသိုလ်ဖြစ် အထူးကုဆေးခန်း ဝေဒနာရှင်များအားအခမဲ့စမ်းသပ်ကုသပေးလျက်ရှိ

ရန်ကုန် စက်တင်ဘာ ၂

ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၆) ရပ်ကွက်ရှိ ရွှေပြည်ဟိန်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ၂၀၀၄ ခုနှစ် နိုဝင်ဘာလမှ စတင်၍ ဖွင့်လှစ်ခဲ့ရာ ယခုအခါ ရွှေပြည်ဟိန်းကုသိုလ်ဖြစ် အထူးကုဆေးခန်းနှင့် သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ကာ နေ့စဉ်ဝေဒနာရှင် ၂၀၀ ကျော်တို့အား ပြင်ပလူနာအဖြစ် လူမျိုးဘာသာမရွေး အခမဲ့ကုသပေးလျက်ရှိသည်။

ထို့အပြင် ၂၀၀၆ ခုနှစ်မှစ၍ (အင်္ဂါနေ့မှ တနင်္ဂနွေနေ့)အထိ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အင်းစိန်၊ မှော်ဘီ၊ မင်္ဂလာဒုံ၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ မရမ်းကုန်း၊ သဃ်န်းကျွန်းနှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်များ၌ နေ့အလိုက်စုရပ်များထားရှိကာ နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ အိမ်တိုင်ရာရောက် ကွင်းဆင်း၍ ဝေဒနာရှင်များအား အခမဲ့ကုသပေးလျက်ရှိသည်။

စီစဉ်ထား

မျက်စိဝေဒနာရှင်များအား အပတ်စဉ်စမ်းသပ်ကုသပေးခဲ့ရာ မျက်စိဝေဒနာရှင် ၆၀၀၀ ကျော်တို့အား ကုသပေးခဲ့ပြီးဖြစ်သည်။ မျက်စိဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ပြီးနောက် တစ်လလျှင်တစ်ကြိမ် မျက်စိဝေဒနာရှင် ၁၀၀ ကျော်အား ခွဲစိတ်ကုသပေးခဲ့ရာ မျက်စိဝေဒနာရှင် ၅၁၅ ဦးတို့အား ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီးဖြစ်သည်။ လာမည့် စက်တင်ဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် (၆)ကြိမ်မြောက်အဖြစ် မျက်စိဝေဒနာရှင် ၁၀၀ အား ခွဲစိတ်ကုသပေးရန် စီစဉ်ထားကြောင်း သိရသည်။

အခမဲ့ကုသပေး

စတင်ဖွင့်လှစ်သည့် ခုနှစ်နှစ်ခန့်ကာလအတွင်း အလှူရှင်များကလှူဒါန်းသော ဆေးပဒေသာပင် အလှူငွေမှ နေ့စဉ်ငွေကျပ် သုံးသိန်းကျော်မျှသုံးစွဲကာ ဝေဒနာရှင်ပေါင်း ၃၃၀၀၀၀ ကျော်အား ဆရာဝန် ၅၀ကျော်တို့က အလှည့်ကျ ကုသိုလ်ဖြစ် အခမဲ့ကုသပေးခဲ့ခြင်းဖြစ်သည်။

ငွေကြေးချို့တဲ့သော ဝေဒနာရှင်များအနေဖြင့် ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းကဲ့သို့ အခမဲ့ဆေးခန်းများရှိလာသဖြင့် ကျန်းမာရေးအတွက် အဆင်ပြေလျက်ရှိကြောင်း သိရှိရသည်။ **ညွှန့်သန်း (သတင်းစဉ်)**

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်နိုင်ရေးအလံ ပေးအပ်

ရန်ကုန် စက်တင်ဘာ ၂

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်နိုင်ရေးအလံပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၆ ရက်က အင်းစိန်မြို့နယ်ရှိ ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အောင်နိုင်ရေးအလံပေးအပ်

အခမ်းအနားတွင် ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ခရိုင်အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖြစ်မြောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးနေလင်းက အမှာစကားပြောကြားပြီး (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ အောင်နိုင်ရေးအလံကို ခရိုင်အုပ်ချုပ်ရေးမှူးက ခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများအောင်နိုင်ရေး ဆပ်ကော်မတီအဖွဲ့ ခေါင်းဆောင် မြောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သန်းထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၀၃၂)

ဩဂုတ်၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်လှိုင်မြတ်နှင့် တာဝန်ရှိသူများ၏ဦးဆောင်မှုဖြင့် မြို့နယ်လျှပ်စစ်ဝန်ထမ်းများက အများပြည်သူ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆိုင်းဘုတ်များကို မြို့၏အချက်အချာနေရာများတွင် စိုက်ထူကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ဆိုင်ကယ်စီးလျှင် လုံခြုံဦးထုပ် ပိုမစီးရ

စပါးမျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ရေး သင်တန်းပို့ချ

ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြို့နယ် ခေတ်မီစက်မှုလယ်ယာ စံပြစိုက်ပျိုးရေးအထူးဇုန်တွင် မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ရေး၊ စနစ်တကျ သိုလှောင်ဖြန့်ဖြူးရေးနှင့် သီးနှံဖျက်ပိုးကာကွယ်နှိမ်နင်းရေးနှင့် ပတ်သက်၍ ဩဂုတ် ၂၉ ရက်က သင်တန်းပို့ချသည်။



သင်တန်းပို့ချ

သင်တန်းတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းဒေသကြီးမန်နေဂျာ ဦးတင်အောင်ဝင်းက အမှာစကားပြောကြားပြီး (ဝဲပုံ)မှော်ဘီမြို့နယ် မြန်မာ့ဆန်စပါးသုတေသနဌာနမှ ပညာရှင်နှစ်ဦးက မျိုးကောင်းမျိုးသန့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ၊ မျိုးကွဲပယ်ခြင်းလုပ်ငန်း၊ မျိုးစေ့စီးဆင်းမှု၊ အစိုဓာတ်ပါဝင်မှုတိုင်းတာနည်းနှင့် ဆန်နီပါဝင်မှု စစ်ဆေးခြင်းနည်းလမ်းများကို စာတွေ့နှင့် လက်တွေ့အပြင် ကွင်းဆင်းစစ်ဆေးနည်းများကိုပါ သင်တန်းပို့ချခဲ့သည်။

ရှင်းလင်းဆွေးနွေး

ထို့အပြင် တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံက သိုလှောင်သီးနှံဖျက်ပိုးများနှင့် ကာကွယ်နှိမ်နင်းနည်းများကို ရှင်းလင်းဆွေးနွေးသည်။

ထုတ်လုပ်သွားမည်

အဆိုပါသင်တန်းသို့ ကုမ္ပဏီ ၁၅ ခုမှ လယ်ယာလုပ်ငန်းတာဝန်ခံများနှင့် ကွင်းဝန်ထမ်း ၅၀ တက်ရောက်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါးရာသီမှစ၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ပူးပေါင်းလျက်မျိုးသန့်ပွားများ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(စိုက်ပျိုးရေး)

ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၈၁-၁၉၈၅)ခုနှစ် မြို့ပြအင်ဂျင်နီယာကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၁၀ ရက် (စနေနေ့)တွင် ရန်ကုန်မြို့၌ကျင်းပမည်ဖြစ်ရာ အလှူငွေထည့်ဝင်လိုသူများသည် ဦးရီဝင်း ဖုန်း-၀၉-၅၁၁၉၇၅၄၊ ဦးအောင်ဝင်း ဖုန်း-၀၉-၅၅၀၆၅၀၃၊ ဦးစောထွေးဇော် ဖုန်း-၀၁-၆၆၂၁၀၀၊ ဦးမျိုးမြင့် ဖုန်း-၀၉-၈၆၃၁၀၅၇၊ ဦးခင်မောင်လွင် ဖုန်း-၀၉-၅၁၂၀၉၃၀၊ ဦးဝင်းဦး (မန္တလေး) ဖုန်း-၀၉-၂၀၀၄၇၈၇၊ ဦးမိုးအောင် ဖုန်း-၀၉-၆၅၀၆၃၃၃၊ ဦးဝင်းမော်ဌေး ဖုန်း-၀၉-၅၃၄၁၀၇၆၊ ဒေါ်မီမီချမ်း ဖုန်း-၀၉-၈၆၁၈၁၇၅၊ ဒေါ်သက်သက်မွန် ဖုန်း- ၀၉-၅၀၀ ၈၆၂၂၊ ဒေါ်ခင်သီတာ ဖုန်း-၀၁-၃၇၈၀၂၀နှင့် ဒေါ်ခင်ဆန်းသွင်-၀၉-၄၉၂၇ ၈၅၉၀ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

လှိုင်သာယာမြို့နယ်၌ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၃)အခြေခံပညာအလယ်တန်း (ထခွဲ) ကျောင်းနှင့် အမှတ် (၆) အခြေခံပညာမူလတန်းလွန်(လခွဲ)ကျောင်းများမှ အထက (၄)နှင့် အလက (၉)သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ်၂၈ ရက် နံနက် ၁၀ နာရီက အဆိုပါ အထက(၄)ကျောင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်း၊ မြို့နယ်ပညာရေးမှူး ဦးမြင့်ဇော်၊ ကျောင်းအကျိုးတော်ဆောင်များဖြစ်ကြသော ဦးကျော်သောင်းနှင့် ဦးကျော်လင်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ)

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်အလှူရှင် ဦးကျော်သောင်းက ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) ဦးတင်လှိုင်က လက်ခံယူသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင်များက ကျောင်းသုံးပရိဘောဂနှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်း၊ မြို့နယ်ပညာရေးမှူး ဦးမြင့်ဇော်နှင့် တာဝန်ရှိသူများက လက်ခံယူခဲ့ကြကြောင်း သိရှိရသည်။ (၀၀၁)

ကျေးလက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ပြည် စက်တင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်တွင် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၅ ရက် နံနက် ၉နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး တိုင်းဦးစီးမှူး ဦးတင်မောင်အေးက ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ မိမိတို့ဌာနမှ လုပ်ကိုင်ရမည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသော ဦးစီးမှူးများက မိမိတို့မြို့နယ်တွင် ဆောင်ရွက်ထားရှိမှုအခြေအနေကို ပြန်လည်တင်ပြခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မိုးစပါးစိုက်ပျိုးရန် ချေးငွေများ ထုတ်ချေး

တောင်ငူ စက်တင်ဘာ ၂

၂၀၁၁ ခုနှစ် မိုးစပါးစိုက်ပျိုးရန် တောင်ငူမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများအား တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးခဲ့သည်။ ထပ်မံ၍ တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ဩဂုတ် ၁၆ ရက်က တောင်ငူမြို့နယ် ပွတ်စုကျေးရွာနှင့် မဟောင်ကျေးရွာများရှိ တောင်သူ ၁၈၅ ဦးအား ထုတ်ချေးပေးခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးစရိတ်ချေးငွေကျပ်၂၇၄၂၀၀၀၀ ကို မြို့နယ်မန်နေဂျာ ဒေါ်မိမိလှိုင်နှင့် ဝန်ထမ်းများက တောင်ငူမြို့နယ်အတွင်းရှိ တောင်သူများအား စနစ်တကျထုတ်ချေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးစရိတ်ချေးငွေများကို ပဲခူးတိုင်းဒေသကြီးတစ်ခုလုံးရှိ တောင်သူများအား ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မအူပင်မြို့နယ်၌ စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်

မအူပင် စက်တင်ဘာ ၂

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးအတွက် မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနသည် ရေနေသယံဇာတထိန်းသိမ်းရေးနှင့် ငါးမျိုးများတိုးပွားစေရန်အတွက် မအူပင်မြို့နယ် အိုင်ဝိုင်းကျေးရွာတွင် စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ဩဂုတ် ၂၈ ရက် နံနက်က ကျင်းပသည်။ **(အောက်ပုံ)**

ငါးမျိုးစိုက်ထည့်ပွဲတွင် အိုင်ဝိုင်းကျေးရွာ ရေဝတီစီးပွားရေးလုပ်ငန်းစုကုမ္ပဏီလီမိတက်၏ စပါးခင်း လယ် ၈၄ ကေအတွင်းသို့ ငါးခုံးမကြီး ငါးမျိုးစိုက်ထည့်ပေးပြီး တက်ရောက်လာသည့် လယ်သမား ၃၇ ဦးအား ငါးခုံးမကြီးကောင်ရေ ၁၇၅၀၀၀ကို လွှဲပြောင်းပေးအပ်ကာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင်ငါးလုပ်ငန်းဦးစီး)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၉-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဇောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ဘယ်အချိန်မှာတရားနာမလဲ** တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၁၅)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၅၇)
- ၈:၅၀ ezy Acoustic Show (Part-5)
- ၉:၄၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀:၁၀ မဟာဗောဓိဓမ္မရိပ်သာ အကြိမ် (၁၀၀)ပြည့် တရားပူဇော်ပွဲ
- ၁၀:၂၅ သွားမယ်စားမယ် (It Food Centre)
- ၁၀:၅၅ Activities in the City **ကံ** ဇာတ်ကားတွင် မေတ္တာနှင့် ပါဝင်ကူညီသူများအား ဂုဏ်ပြုပွဲနှင့် စာနယ်ဇင်းမိတ်ဆက်ပွဲ
- ၁၁:၂၀ ပျော်ရွှင်ကြည်နူးအေးငြိမ်းချမ်းသာ စိမ်းလဲ့တင် ဧည့်ရိပ်သာ
- ၁၁:၄၀ လွယ်ကူသက်သာ စားစရာ **သကြား Puff ပြုလုပ်နည်း**
- ၁၁:၅၅ သန်လျင်မြို့နယ် ဂုဏ်ဆောင် ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ ဆုရသူများအားဂုဏ်ပြုပွဲ
- ၁၂:၁၀ ရန်ကုန်မြင်ကွင်းကျယ် (United Living Mall ၏ Textile Expo 2011)
- ၁၂:၂၅ ငြိမ်းချမ်းမှုတို့နှင့်... သိမ်ဇရပ် (ဓမ္မဒူတ ပရိယတ္တိစာသင်တိုက်)
- ၁:၀၀ **ဘယ်အချိန်မှာတရားနာမလဲ** တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Vj Choice
- ၃:၀၅ အောင်မြင်သူတို့ တည်ရှိရာ... Excellent Choice
- ၃:၁၅ ဖက်ရှင်ကျကျ ဒီဇိုင်းလှလှ
- ၃:၃၀ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ကျောင်းသားကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲ
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၅၇)
- ၄:၅၅ အမျိုးသားများအားလုံး၏ Style အတွက် Golden Bright Star
- ၅:၁၅ ရန်ကုန်မြင်ကွင်းကျယ် (City Mart ၁၅ နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနား)
- ၅:၃၀ ဂဏန်းသင်္ချာပျော်စရာ
- ၆:၀၀ MRTV -4 သတင်း
- ၆:၂၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၁၆)
- ၇:၀၅ ezy Acoustic Show (Part-6)
- ၈:၀၀ MRTV -4 သတင်း
- ၈:၃၀ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာငါးဦး၏ လက်ရာ) (အပိုင်း -၁)
- ၉:၀၀ Movie Talk (ဒါရိုက်တာ ကြည်စိုးထွန်း၊ ဒေစီကျော်ဝင်း) (အပိုင်း -၃)
- ၉:၃၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၅၈)
- ၁၀:၂၀ ဟိုတယ်လမ်းညွှန် (Mandalay Hill Hotel)
- ၁၀:၄၀ အဆင့်မြင့်မြင့်သုံးဖို့ရာ Sweety Life Furniture
- ၁၀:၅၅ Multitude of Market Forms
- ၁၁:၃၅ World Championships in Athletics, Daegu
- ၁၂:၃၅ World of Knowledge (Mega Structure; Super Factories)
- ၁:၂၅ ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည်
- ၁:၃၅ ဒို့တိုင်းဌာနီရောဝတီ (ဥတိုပေါ်ဆန်းစပါး)
- ၂:၀၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမျိုးမင်းစိုး)
- ၂:၂၅ မြန်မာမှုလက်ရာပန်းတဉ်းပညာ
- ၂:၅၅ သက်ကြီးမသန်စွမ်းကျောင်း၏ အသက်မွေးမှုပညာရပ်များ
- ၃:၁၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄:၁၀ သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော်ကျိုက်တလန်းစေတီတော်
- ၄:၃၅ ဧည့်ဝတီရဲ့တေးနရီ ရသစုံလီရှိုင်းစာပီ
- ၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့အလင်း စာတည်းထံပေးစာများ

ကျူးကျော်ဆိုင်များ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

မင်္ဂလာဒုံမြို့နယ် သယ်နှ်းကျွန်းကြီးကျေးရွာအုပ်စု အောင်စည်းခုံဘုရားလမ်းထိပ်နှင့် အမှတ် (၃)လမ်းမကြီးထောင့်တွင်ရှိသော လမ်းမြေနေရာတွင် ခြံရှေ့ကို ပိတ်ဆို့၍ ကျူးကျော်ဈေးဆိုင်များ အခိုင်အမာဆောက်လုပ်ပြီး အတည်တကျနေထိုင်ကြသဖြင့် အညစ်အကြေးများ စွန့်ပစ်ခြင်းနှင့် လမ်းပိတ်ဆို့၍ ပစ္စည်းများနှင့် အမှိုက်များ စုပုံထားရှိခြင်းတို့ကြောင့် အဆိုပါကျူးကျော်ဈေးဆိုင်များအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **စိတ်အနှောင့်အယှက်ဖြစ်ရသူ**

လူနေတိုက်ခန်း အိမ်ရာမှ ဓာတ်ငွေ့ဖြန့်ဖြူးအရောင်းဆိုင် ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ကမ်းနားလမ်း ဆင်မင်းအိမ်ရာရှိ မြေညီထပ်အခန်းတစ်ခန်းတွင် LPG ဓာတ်ငွေ့ရည်များကို သိုလှောင်ဖြန့်ဖြူး ရောင်းချနေသောကြောင့် အိမ်ရာနေထိုင်သူများမှာ မီးဘေးအန္တရာယ်စိုးရိမ်နေရသည့်အပြင် ဓာတ်ငွေ့အနံ့ကြောင့် ကျန်းမာရေးထိခိုက်ရပါသဖြင့် အဆိုပါဓာတ်ငွေ့ရည်ဆိုင်အား လူနေအိမ်ရာအတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ မီးဘေးစိုးရိမ်သူ

တဲအိမ်များကြောင့် မီးဘေးစိုးရိမ်ရ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက် ကျန်စစ်သားအိမ်ရာ ငုဝါလမ်းနှင့် ချယ်ရီလမ်းအလယ်ရှိ အိမ်ရာ၏ ကားရပ်နားရန်နေရာနှင့် ကလေးအားကစားကွင်း မြေကွက်လပ်တို့တွင် ဆိုင်ခန်းများ၊ တဲအိမ်များ ဆောက်လုပ်နေထိုင်နေကြသဖြင့် မီးဘေးအန္တရာယ် စိုးရိမ်ရပါသောကြောင့် သက်ဆိုင်ရာက ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သတ္တုတွင်းဝန်ကြီးဌာန
အမှတ်(၂) သတ္တုတွင်းလုပ်ငန်း
ရုံးအမှတ် (၁၉)၊ နေပြည်တော်
ရက်စွဲ ၂၀၁၁ခုနှစ်၊ စက်တင်ဘာလ ၃ရက်

တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းသည် ရွှေသတ္တုတူးဖော်လိုသူ နိုင်ငံသား၊ ပြည်တွင်းကုမ္ပဏီများနှင့်ပူးပေါင်းပြီး မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်ရှိ မိုးထိမိုးမိဒေသကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖြစ်ဆောင်ရွက်နိုင်ရေး တင်ဒါစနစ်ဖြင့် ဆောင်ရွက်နိုင်ရန် ခေါ်ယူအပ်ပါသည်။

(က) ဆောင်ရွက်မည့်နေရာ - မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိဒေသ၊ ရွှေစင်တောင်၊ ထုံးကြီးတောင်နေရာ

(ခ) ဆောင်ရွက်မှုလုပ်ငန်း - သတ္တုမြေစာများမှ သန့်စင်ပြီး ၉၉ ဒသမ ၉၉ ရွှေစင်ထုတ်ယူခြင်း

၂။ တင်ဒါအားအောက်ပါအချက်အလက်များနှင့်အတူ လျှောက်ထားရမည်-
(က) ပြည်တွင်းနိုင်ငံသားကုမ္ပဏီ (သတ္တုတူးဖော်ရေးကုမ္ပဏီ) ဖြစ်ရမည်။
(ခ) လက်ရှိကုမ္ပဏီသက်တမ်းရှိရမည်။
(ဂ) အနည်းဆုံး မတည်ရင်းနှီးငွေ အမေရိကန်ဒေါ်လာ (၂)သန်းနှင့် မြန်မာကျပ်ငွေ သန်းပေါင်း ၁၅၀၀ ရင်းနှီးနိုင်ရမည်။

၃။ တင်ဒါလျှောက်လွှာနှင့်အတူ ငွေကျပ်သိန်း ၅၀ တိတိအား ဘဏ်အာမခံငွေအဖြစ်ထားရှိပြီး မူရင်းချလန်နှင့်အတူ အောက်ပါအထောက်အထားများ တစ်ပါတည်းထည့်သွင်းရမည်။
(က) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မိတ္တူ)
(ခ) ကုမ္ပဏီဒါရိုက်တာစာရင်း (ပုံစံ ၆/၂၆)(မိတ္တူ)
(ဂ) ငွေကြေးခိုင်မာမှု (Bank Statement)
(ဃ) ကုမ္ပဏီတည်ရှိရာ ရဲစခန်း၏ ပြစ်မှုဆိုင်ရာ ကင်းရှင်းကြောင်း ထောက်ခံချက်

၄။ တင်ဒါစည်းကမ်းနှင့်လျှောက်လွှာများအား အောက်ဖော်ပြပါ လိပ်စာ အတိုင်း နေ့စဉ် နံနက် ၉:၀၀နာရီမှ ၁၈:၀၀နာရီအတွင်း ဆက်သွယ်ဝယ်ယူနိုင်သည်။

စီမံကိန်းဌာနခွဲ
အမှတ်(၂) သတ္တုတွင်းလုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ် (၁၉)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၉၀၁၃၊ ၄၀၉၁၆၃၊ ၄၀၉၃၈၉

၅။ တင်ဒါကို ဤကြော်ငြာထည့်သည့်နေ့မှစ၍ ၂၀၁၁ခုနှစ် စက်တင်ဘာလ ၁၁ရက် ညနေ ၁၈:၀၀နာရီအထိ နောက်ဆုံးထား၍ ရုံးဖွင့်ရက်များနှင့် စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင်ပါ တင်ဒါအဖွဲ့ဖြင့် လက်ခံသွားပါမည်။

၆။ အသေးစိတ်အချက်အလက်များသိလိုပါက အထက်ပါလိပ်စာသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနှင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

မွေးနေ့မင်္ဂလာဆုတောင်း

၃-၉-၂၀၁၁ရက်တွင် ကျရောက်သော မမေသူအောင်၏မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်ခင်ပွန်း၊ ချစ်သောဝန်ထမ်းများနှင့်အတူ အမျိုးဘာသာ၊ သာသနာအကျိုး ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက် အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

နေပြည်တော် i Spa မှ ဝန်ထမ်းများ
ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

မွေးနေ့မင်္ဂလာဆုတောင်း

ချစ်ခင်လေးစားအားကိုးရသော မမေသူအောင်၏ ၃-၉-၂၀၁၁ရက်တွင် ကျရောက်သောမွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောမိသားစု၊ ချစ်သောဝန်ထမ်းများနှင့်အတူ သာယာပျော်ရွှင်ချမ်းမြေ့ပြီး အောင်မြင်မှုများစွာကို ပိုင်ဆိုင်နိုင်သောသူတစ်ယောက်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

မန္တလေး i Spa မှ ဝန်ထမ်းများ
၂၇လမ်း × ၇၄လမ်းထောင့်

ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ ဘားအံမြို့ အထက-၁၊ တက္ကသိုလ်ဝင်တန်း(စီ)မှ နန်းမြင့်မြင့်သန်း ၃/ဘအန(နိုင်)၂၉၁၈၂၂၏ ဖခင်အမည်မှန်မှာ ဦးခိုလာ ၃/ဘအန(နိုင်) ၁၅၂၁၈၃ဖြစ်ပါသည်။

ဦးခိုလာ ၃/ဘအန(နိုင်)၁၅၂၁၈၃

ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မောင်းမကန်ကမ်းသာလမ်း၊ အမှတ်(၁၅၅/က) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၂၀/က)၊ လူနေရပ်ကွက် အမှတ်၂၀/က၊ မြေကွက်အမှတ်(၁၅၅/က)၊ မြေဧရိယာ(၂၀ပေ×၆၀ပေ) အကျယ်အဝန်းရှိ ပါမစ်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးအောင်သန်းအမည်ပေါက်ပိုင်ဆိုင်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်တင်မြင့်(S/OKA-070562)မှ အထက်ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ LL.B **ဒေါ်လှလှခိုင် LL.B**
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၇၃) **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၄၁၀)**
အမှတ်(၉/၁၁)၊ အခန်းအမှတ်(၂၀၁-A) ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ကွင်းသင်းတိုက်ဝန်ဦးထွန်းညိုလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ လူနေရပ်ကွက်အမှတ်-စက်မှုမြို့၊ မြေကွက်အမှတ် (၃ ဃ/၁)၊ မြေဧရိယာ(၂ဒသမ၀၂၀)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးကျော်ငွေ ၁၂/လမတ(နိုင်)၀၁၃၇၇၈ တစ်ဦးတည်း အမည်ပေါက်ပိုင်ဆိုင်ပါသည်။ အမည်ပေါက် ပိုင်ဆိုင်သူမှ အထက်ဖော်ပြပါ မြေကွက်နှင့်အဆောက်အအုံကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ(LL.B) **ဒေါ်လှလှခိုင်(LL.B)**
တရားလွှတ်တော်ရှေ့နေ(၄၃၇၃) **တရားလွှတ်တော်ရှေ့နေ(၅၄၁၀)**
အမှတ် (၉/၁၁)၊ အခန်းအမှတ် (၂၀၁-A) ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ မိုးဆက်လက်ပိုနေမည်

နေပြည်တော် စက်တင်ဘာ ၂

ယနေ့နံနက် ၉ နာရီခွဲမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်း ဒေသများတွင် မိုးဆက်လက်ပိုနေမည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃-၉-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချို့အေးမင်္ဂလာတေး
- ၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၀၀ ၇။ ကဗျာပန်းဥယျာဉ်
- ၈:၁၅ ၈။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၂၅ ၉။ **၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့်ခေတ်ဟောင်းတေး)(အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)**
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၃:၃၅ ၅။ **နှုတ်မြိန်ဖွယ်ရာ ချစ်ဟင်းလျာ**
- ၁၃:၄၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရဲစုံထောက် ဘတ်ဂျောင်ဝှန်း** (အပိုင်း-၃)
- ၁၄:၃၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၄:၃၅ ၈။ ဘယ်သူပြိုင်လို့လုပါတော့နိုင် ရုပ်ရှင်ကားဖန်တီးသူ ဆရာကြီးဦးသုခနှင့်တွေ့ဆုံခန်း
- ၁၄:၄၅ ၉။ **၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့်ခေတ်ဟောင်းတေး) [အခြေခံပညာ (၁၅-၂၀) အဆင့်] (အမျိုးသား)**

ညပိုင်း

- ၃:၁၅ ၁။ **Myanmar National League MNL Grand Royal CUP 2011 ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်(ကမ္ဘောဇအသင်းနှင့် ရက္ခပူရယူနိုက်တက်အသင်း)**
- ၅:၀၅ ၂။ တေးဂီတအစီအစဉ်
- ၅:၂၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၅:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၆:၀၀ ၅။ ညနေခင်းသတင်း
- ၆:၁၅ ၆။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၇။ အလှရှာမယ် လှကမ္ဘာဝယ်
- ၆:၃၅ ၈။ ယဉ်တစ်ကိုယ်မယ် (နန်းဟွမ်နွမ်အေး)
- ၇:၀၀ ၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **နတ်ရေးငယ်တဲ့ရွှေဖူးစာ** (အပိုင်း-၁၁)
- ၈:၀၀ ၁၀။ ပြည်တွင်းသတင်း
- ၁၁။ နိုင်ငံတကာသတင်းများ
- ၁၂။ မိုးလေဝသအခြေအနေ
- ၁၃။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ)(အပိုင်း-၄၅)
- ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိလေသော ရုပ်သံလွှင့်မှူး** (အပိုင်း-၅)
- ၁၅။ **ဂီတတံခါးလေးဖွင့်ပါဦး**

ပျော်ဘွယ်-ဘုရားငါးဆူဒေသ၌ စက်ရေတွင်း(၁၀၀)တူးဖော်နိုင်ပြီ

နေပြည်တော် စက်တင်ဘာ ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်ချက်အရ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနသည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်-ဘုရားငါးဆူဒေသ၌ စိုက်ပျိုးသီးနှံထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် မြေအောက်ရေရရှိနိုင်မှုအခြေအနေကို ကွင်းဆင်းလေ့လာခဲ့သည်။ ပျော်ဘွယ်-ဘုရားငါးဆူဒေသမှာ မြေအောက်ရေထုတ်ယူသုံးစွဲရန် အခြေအနေပေးသည့် ဒေသဖြစ်၍ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှစ၍ စက်ရေတွင်း(၁၀၀)တူးဖော်ရန် လျာထားဆောင်ရွက်ခဲ့ရာ ယခုအခါ စီမံကိန်းလျာထား စက်ရေတွင်းပေါင်း(၁၀၀)ကို အောင်မြင်စွာတူးဖော်နိုင်ခဲ့ပြီဖြစ်သည်။

လျာထားပြည့်မီ

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ကြီးကြပ်ကွပ်ကဲမှု၊ မြေအောက်ရေဌာနခွဲမှ ဘူမိဗေဒပညာရှင်များ၊ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများ၏ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်မှုများဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ပထမအဆင့် လျာထားစက်ရေတွင်း(၅၀)ကို အောင်မြင်စွာ တူးဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဒုတိယအဆင့် ဆောင်ရွက်ရန်ကျန်ရှိသော စက်ရေတွင်း (၅၀)ကို ဆက်လက်တူးဖော်ခဲ့ရာ ၂၉-၆-၂၀၁၁ရက်တွင် စီမံကိန်းလျာထားချက် စက်ရေတွင်းပေါင်း (၁၀၀)ပြည့်မီခဲ့ခြင်းဖြစ်သည်။

အဆိုပါ စက်ရေတွင်း (၁၀၀)အနက် (၇၅)တွင်းမှာ သဘာဝရေလျှံတွင်းများ ဖြစ်ပြီး ရေလျှံတွင်းများ၏ ပျမ်းမျှတစ်နာရီရေလျှံနှုန်းမှာ ဂါလန် ၃၀၀၀ဖြစ်သည်။ ပျော်ဘွယ်-ဘုရားငါးဆူဒေသသည် ပျော်ဘွယ်-တောင်ကြီး ကားလမ်းတစ်လျှောက် ပျော်ဘွယ်မှ ဘုရားငါးဆူကျေးရွာအထိပါဝင်ပြီး မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းအတွင်း တည်ရှိသည့်အတွက် စိုက်ပျိုးရေဖူလုံစွာမရခြင်း၊ မြေပေါ် ရေအရင်းအမြစ်နည်းပါးခြင်းတို့ကြောင့် ယခင်က မိုးရွာသွန်းမှုပုံမှန်မရှိသော ကာလများ(Drought Period)တွင် သီးနှံများ စိုက်ပျိုးနိုင်ခြင်း မရှိခဲ့ချေ။

တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၏ မြေအောက်ရေဖြင့် စိုက်ပျိုးရေရရှိရေးစီမံကိန်းအရ ပျော်ဘွယ်-ဘုရားငါးဆူဒေသတွင် စက်ရေတွင်း (၁၀၀) တူးဖော်ပေးနိုင်ခြင်းကြောင့် မူလက တစ်သီးသာစိုက်ပျိုးနိုင်သည့်အခြေအနေမှ နှမ်းစပါး၊ မိုးစပါးအပြင် အခြားသီးနှံများကို တစ်နှစ်ပတ်လုံးစိုက်ပျိုးလာနိုင်ပြီး သီးနှံစိုက်စွမ်းအား တိုးတက်လာခြင်း၊ လူမှုစီးပွားရေးဘဝမြင့်မားလာခြင်း၊ စိုက်ပျိုးမြေ လျော့နည်းဆုံးရှုံးခြင်းနှင့် ကန္တာရဖြစ်ထွန်းမှုမှ လျှော့ချပေးနိုင်ခြင်း၊ ရေအရည်အသွေးစစ်ဆေးချက်အရ စိုက်ပျိုးရေအတွက်သာမက သောက်သုံးရေအတွက်ပါ သုံးစွဲနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ဒေသခံပြည်သူများ ခံစားနေကြရပြီဖြစ်သည်။ **(တင်ထွေး)**

KIA အဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ချို့ယွင်းပျက်စီးနေသော အင်းတော်ချောင်းကူးတံတားပေါ်မှ ယာဉ်တစ်စီး ဖြတ်သန်းမောင်းနှင်စဉ် တံတားကျိုးကျသဖြင့် တစ်ဦးသေဆုံးပြီး ငါးဦးပျောက်ဆုံးနေ

နေပြည်တော် စက်တင်ဘာ ၂

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့နယ်ခွဲ ကထန်ယန်ကျေးရွာအနီး ကထန်ယန်-ဖားကန့်လမ်းပေါ်ရှိ အင်းတော်ချောင်းကူးတံတားအား KIA အဖွဲ့က မိုင်းထောင်ဖောက်ခွဲမှု (၃)ကြိမ်ပြုလုပ်ခဲ့မှုကြောင့် တံတားမှာ အလယ်မှ ကွေးညွှတ်ပြီး လူ/ယာဉ်များ သွားလာနိုင်ခဲ့ခြင်း မရှိခဲ့ကြောင်း၊ ထို့ကြောင့် အဆိုပါတံတားအား ယာယီဖြတ်သန်းနိုင်ရန် ယာဉ်မောင်းများ စုပေါင်းပြုပြင်ပြီး ဖြတ်သန်းသွားလာလျက်ရှိကြောင်း၊ ဩဂုတ် ၃၀ ရက် ည ၈ နာရီကျော်ခန့်တွင် မိုးညှင်းမှ ဖားကန့်သို့ ပြေးဆွဲသည့် ယာဉ်မောင်း ဦးအေးနောင် မောင်းနှင်သော ခရီးသည်တင်ယာဉ်သည် အင်းတော်ချောင်းကူးတံတားပေါ်မှ ဖြတ်သန်းမောင်းနှင်စဉ် တံတားအလယ်အရောက်တွင် ကျိုးကျသဖြင့် ပေ ၂၀ ခန့် နက်သည့် အင်းတော်ချောင်းအတွင်း ပြုတ်ကျနစ်မြုပ်သွားခဲ့ကြောင်း၊ ယာဉ်ပေါ်ပါ ယာဉ်မောင်းနှင့် ခရီးသည်ကိုးဦးအနက် သုံးဦး ရေကူးလွတ်မြောက်ပြီး ငါးဦး ပျောက်ဆုံးကာ တစ်ဦးသေဆုံးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမည်ပြောင်း

ဦးအောင်ကိုကို၏သား မုဒုံမြို့နယ်၊ အထက(ကမာဝက်) တက္ကသိုလ်ဝင်တန်း (A)မှ မောင်မင်းထွဋ်ဦးအား မောင်မင်းထွဋ်လင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မင်းထွဋ်လင်း**

ကန့်ကွက်နိုင်ပါသည်

မရမ်းကုန်းမြို့နယ်၊ မြိုင်ဟေဝန်ကွန်ဒိုမီနီယံအိမ်ရာ၊ တိုက်(Tower-B)၊ အခန်း (၇၀၈)၏ မူလအမည်ပေါက်ဒေါ်ခေမာညွန့် ၁၂/လမန(နိုင်) ၀၅၃၆၆၂ ထံမှ ဒေါ်ခင်မာလာကျော် ၁၂/လမန (နိုင်) ၀၆၃၅၃၄ က အပြီးအပိုင်ဝယ်ယူပြီး မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် တိုက်ခန်းအမည်ပြောင်းမည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက အထောက်အထားတင်ပြလျက် ၁၄ရက်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ကန့်ကွက်နိုင်ပါသည်။

မြန်မြတ်
TV, DVD
09-430-64690,550659

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/B၊ မြေကွက်အမှတ် ၇၈/ခ၊ မြေကွက်တည်နေရာအမှတ် ၃၂၊ လှိုင်မြစ်လမ်း၊ ဈေးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် ဦးကျော်မြိုင်အမည်ပေါက်B အိမ်ရာမြေအား အမည်ပေါက် ဖခင်ဦးကျော်မြိုင်၊ မိခင်ဒေါ်ကြည်တို့ ကွယ်လွန်သဖြင့် ဒေါ်အေးစန်း ၁၂/မရက(နိုင်)၀၇၈၃၄၀ က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/အရှေ့၊ မြေကွက်အမှတ် ၁၆၃၊ မြေကွက်တည်နေရာ ၁၆၃၊ စပါယ်လမ်း၊ (၇)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ဖွားကြည် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်ဖွားကြည်နှင့် ဖခင်တို့ ကွယ်လွန်သဖြင့် ဒေါ်ခင်ခင်အေး၁၂/မဂတ(နိုင်)၀၀၄၆၀၆၊ ဦးခင်မောင်ထွေး ၁၂/သကတ(နိုင်) ၀၃၈၉၄၆၊ ဒေါ်စန္ဒာထွေး ၁၂/သကတ (နိုင်) ၀၃၈၉၄၅၊ ဒေါ်ခင်ခင်လေး ၁၂/သကတ(နိုင်)၀၃၈၉၄၂၊ ဒေါ်ညိုညိုနွေစင်း ၁၂/သကတ(နိုင်)၀၃၈၉၄၇၊ ဒေါ်ချိုချိုအေး ၁၂/သကတ(နိုင်) ၀၀၈၉၈၀ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

DUAL TECH
City & Guilds (UK) Engineering Diploma
Dip. in Electrical
Dip. in Electronic
Dip. in Mechanical
Dip. in Refri & Air-Con
Dip. in Civil
Dip. in M & E (MP & EF)
Advanced Diploma Courses
16.9.2011
20% OFF
AGTI,GTC,B.Tech,BE,ME ... Advanced Diploma
[illegible]

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေး ကျွန်းလှ၌ လုပ်ငန်းညှိနှိုင်း

ကျွန်းလှ စက်တင်ဘာ ၂

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၂ ရက် မွန်းလွဲပိုင်းက မြို့နယ်ဧည့်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးလုပ်ငန်း(၈)ရပ်ဆောင်ရွက်မှုအခြေအနေကို သက်ဆိုင်ရာဆပ်ကော်မတီအလိုက် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ၊ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို မှာကြားခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ကျိုင်းတောင်းမြို့၌ ကျင်းပ

ကျိုင်းတောင်း စက်တင်ဘာ ၂

ရှမ်းပြည်နယ် လင်းခေးခရိုင် မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ အခမ်းအနားကို ဩဂုတ် ၁၂ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာန၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက အမှာစကားပြောကြားပြီး ကျိုင်းတောင်းပြည်သူ့ဆေးရုံအုပ် ဒေါက်တာ အောင်မြင့်အေးက လုပ်ငန်းဆောင်ရွက်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မော်လမြိုင်မြို့ အမှတ်(၆)အထက ပညာရည်ချွန်ဆုပေးပွဲကျင်းပ

မော်လမြိုင် စက်တင်ဘာ ၂

မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၁၀-၂၀၁၁ ပညာရည်ချွန်ဆုပေးအပ်ပွဲအခမ်းအနားကို အထက(၆) ရတနာမွန်ခန်းမ၌ ဩဂုတ် ၂၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မိဘဆရာအသင်းဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဝေက အမှာစကားပြောကြားပြီးနောက် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အထက(၆)မှ ခြောက်ဘာသာဂုဏ်ထူးရှင် မင်းပိုင်ရှော့၊ ငါးဘာသာဂုဏ်ထူးရှင် လေးဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၅ ဦးနှင့် ကျောင်းပညာရည်ချွန်ဆုရကျောင်းသား ကျောင်းသူများအား အဆင့်လိုက်ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(ပညာရေး)**

မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် သီဟမင်း၊ ကြယ်စင်ဟိန်း ယာဉ်လိုင်းမိသားစုမှ ပထမအကြိမ် ယာဉ်မောင်း၊ ယာဉ်လိုက်၊ ဂိတ်စာရေးဝန်ထမ်းများ၏ သား၊ သမီးများအား ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၁ ရက်က မော်လမြိုင်မြို့ရှိ ပြည်နယ်ကြီးကြပ်မှုကော်မတီရုံး အစည်းအဝေးရုံးခန်းမ၌ကျင်းပရာ ကြယ်စင်ဟိန်းယာဉ်လိုင်းမှ ဒေါ်ညွန့်တင် (အငြိမ်းစားကျောင်းအုပ်ဆရာမကြီး)က ပေးအပ်သော တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ဖောင်းတောကျေးရွာရှိ အခြေခံပညာကျောင်းနှင့် မူကြိုကျောင်း ခုနစ်ကျောင်းအတွက် အလှူငွေကျပ် ၃၅၀၀၀၀ကို ကျောင်းအုပ်ကြီး(ကိုယ်စား) ဆရာမတစ်ဦး လက်ခံယူစဉ်။ (၁၀၇)

တပေါ်ဓ တော်မင်္ဂလ မုတ္တမံ = ခြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

အမျိုးသားလွှတ်တော်က နေပြည်တော် ပြည်သူ့ဆေးရုံကြီးသို့ အလှူငွေပေးအပ်

နေပြည်တော် စက်တင်ဘာ ၂

အမျိုးသားလွှတ်တော်က နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)သို့ အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ညနေ ၅ နာရီခွဲတွင် အဆိုပါ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် တက်ရောက်လှူဒါန်းသည်။

တက်ရောက်

အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေက အလှူငွေပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အလှူငွေကျပ် ၆၄၇၄၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ဖြူဖြူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်ထံ နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)အတွက် အမျိုးသားလွှတ်တော်က လှူဒါန်းသည့် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတကာအားကစားမြင်ကွင်း

မြင့်မောင်စိုး – ရေးသားသည်

မီတာ ၄၀၀ တန်းကျော်ပြေးပွဲ ဗြိတိန်အပြေးသမား ရွှေတံဆိပ်ဆွတ်ခူး

ဒေဂူ စက်တင်ဘာ ၂

ဗြိတိသျှအပြေးသမား ဒိုင်ဂရင်းသည် တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ကမ္ဘာ့ပြေးခုန်ပစ်အားကစားပြိုင်ပွဲ အမျိုးသား မီတာ ၄၀၀ တန်းကျော်ပြေးပွဲတွင် ရွှေတံဆိပ်ဆုဆွတ်ခူးသွားသည်။

ရွှေတံဆိပ်ဆွတ်ခူး

အသက် ၂၅ နှစ်အရွယ်ရှိ ဂရင်း **(အပေါ်ပုံ)** သည် စံချိန် ၄၈ ဒသမ ၂၆ စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲခဲ့သည်။ ဂရင်းသည် တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပသော ကမ္ဘာ့ပြေးခုန်ပစ်အားကစားပြိုင်ပွဲတွင် နိုင်ငံအတွက် ပထမဆုံး ရွှေတံဆိပ် ဆွတ်ခူးပေးလိုက်ခြင်း ဖြစ်သည်။

ဝေလနယ်သား ဂရင်းသည် ၄င်း မီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲတွင် ပွာတိုရီကို အပြေးသမား ဂျာဗီယာကာဆင်ကို ကျော်ဖြတ်ပြီး ပန်းဝင်ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ဂျာဗီယာသည် စံချိန် ၄၈ ဒသမ ၄၄ ဖြင့် ငွေတံဆိပ်ရပြီး ကျေနပ်ခဲ့ရသည်။

(အင်တာနက်)

တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး DKBA အား နယ်ခြားစောင့်တပ်အဖြစ် ဖွဲ့စည်းပြီးဖြစ်

နယ်ခြားစောင့်တပ်ဖွဲ့များ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်၊ DKBA ဟူ၍ မရှိတော့

DKBA အမည်ခံပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးနေသည့် အဖွဲ့အစည်းအား DKBA အဖွဲ့အစည်းအဖြစ် အသိအမှတ်မပြု

နေပြည်တော် စက်တင်ဘာ ၂

ကရင်ပြည်နယ် ဘားအံမြို့ ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ (KSDDP) က သဘောထားထုတ်ပြန်ချက် တစ်ရပ်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါသဘောထားထုတ်ပြန်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် –

ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ (KSDDP) ၏ သဘောထား ထုတ်ပြန်ကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်ဆောက်နိုင်ရန် (၁၈-၈-၂၀၁၁)ရက်နေ့တွင် ငြိမ်းချမ်းရေးဆွေးနွေးရန် ကြေညာချက်အမှတ် (၁/၂၀၁၁)ကို ထုတ်ပြန်ကြေညာ၍ ဖိတ်ခေါ်ခဲ့ပါသည်။ အဆိုပါ ကြေညာချက်အပေါ် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်တပ်မတော် DKBA အနေဖြင့် ရှမ်းပြည်လွတ်မြောက်ရေးတပ်မတော်မှ ခေါင်းဆောင်များနှင့် တွေ့ဆုံပြီး စစ်ရေးအရ အပြန်အလှန်အကူအညီပေးရေး၊ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ ဆွေးနွေးခဲ့ကြကြောင်း၊ DKBA အနေဖြင့် တစ်ဖွဲ့ချင်း ဆွေးနွေးမည်မဟုတ်ဘဲ တပ်ပေါင်းစုအနေဖြင့်သာ ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း သဘောထားရှိသည်ဟု သတင်းဌာနတစ်ခုမှ ကြေညာသွားပါသည်။

၂။ (၁၈-၈-၂၀၁၁) ရက်မှစ၍ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး DKBA အား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ "နယ်ခြားစောင့်တပ်" အဖြစ် တပ်ရင်း (၁၂)ရင်းဖြင့် ဖွဲ့စည်းပြီးဖြစ်ပါသည်။ အသက် (၅၀) ကျော်သည့် အရာရှိစစ်သည်ဟောင်းများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တည်ဆောက်ရေးအတွက် ပါဝင်နိုင်ရန် "ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ" အဖြစ် တရားဝင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ နယ်ခြားစောင့်တပ်ဖွဲ့များအနေဖြင့်လည်း နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်ပါသည်။ DKBA ဟူ၍ မရှိတော့ပါ။

၃။ သို့ပါ၍ DKBA အမည်ခံပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးနေသည့် အဖွဲ့အစည်းအား DKBA အဖွဲ့အစည်းအဖြစ် အသိအမှတ်မပြုပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ
ကရင်ပြည်နယ်
ဘားအံမြို့

ရက်စွဲ။ ၂-၉-၂၀၁၁